တထ်ဝဝတ်


mgyoe.com

# ရွှေဥဒေါင်း

# အင်နာကာရီနီနား


## ANNA KARENINA

Leo Tolstoy



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com




mgyoe.com

mgyoe.com

ထုတ်ဝေသူ-ဦးကျော်ကျော်ဝေ၊ ရွှက်စိမ်းစာပေ၊ (၀၀၀၄၇)
လမ်းမတော်၊ရန်ကုန်။
ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ (၀၀၄၁၃)
အမှတ်-၁၁၇၉၊မစိုးရိမ်လမ်း၊ကံဘဲ့၊ရန်ကင်း။
၂၀၁၅၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ် ၅၀၀၊

တန်ဖိုး-၁၃၀၀ ကျပ်

mgyoe.com

mgyoe.com

# အင်နာကာရီနီနား


# ANNA KARENINA

Leo Tolstoy

ရွှေဥဒေါင်း

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



# လီယို တော်စတွိုင်း ကိုယ်ရေးအကျဉ်း

ရုရှားစာရေးဆရာကြီး လီယို တော်စတွိုင်း (Leo Tolstoy) ကို ၁၈၂၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့က ရုရှားအင်ပါယာရှိ Yasnaya Polyana မှာ မွေးဖွားခဲ့တယ်။ လီယို တော်စတွိုင်းဟာ ဝတ္ထုရေးဆရာ၊ ဇာတ်လမ်းတိုရေးသားသူ၊ ပြဇာတ်ရေးဆရာ၊ စာတမ်းရှင် အစရှိသဖြင့် အနုပညာနယ်ပယ်မှာ ထာဝရ ထင်ရှားသူတစ်ယောက်အဖြစ် အားလုံးက အသိအမှတ်ပြုခဲ့ကြတယ်။

War and Peace (၁၈၆၉) နဲ့ Anna Karenina (၁၈၇၇) စတဲ့ ဝတ္ထုရှည်တွေက သူ့ရဲ့ အကောင်းဆုံးလက်ရာတွေဖြစ်တယ်။ သူ့ရဲ့ အသက် ၂၀ ကျော်ဝန်းကျင်နှစ်များက ရေးသားခဲ့တဲ့ အစောပိုင်းလက်ရာတွေထဲမှာ Childhood၊ Boyhood နဲ့ Youth (၁၈၅၂–၁၈၅၆) ဆိုတဲ့ သုံးတွဲဆက် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကိုလည်း ချီးကျူးဂုဏ်ပြုခဲ့ကြတယ်။ Sevastopol Sketches (၁၈၅၅) ကတော့ Crimean စစ်ပွဲအတွင်းက သူ့အတွေ့အကြုံတွေကို အခြေခံပြီး ရေးသားခဲ့တယ်။ ဒါ့ဇင်နဲ့ချီတဲ့ဝတ္ထုတိုများစွာအပြင် The Death of Ivan Ilyich၊ Family Happiness နဲ့ Hadji Murad စတဲ့စာအုပ်တွေကလည်း ထင်ရှားခဲ့တယ်။

၁၈၆၀–၆၁ ခုနှစ်အတွင်း သူ့ရဲ့ ဥရောပခရီးစဉ်မှာ ပြင်သစ်ကမ္ဘာကျော်စာရေးဆရာကြီး Victor Hugo နဲ့ ဆုံတွေ့ပြီးတဲ့နောက် သူ့ရဲ့

mgyoe.com

mgyoe.com

နိုင်ငံရေးနဲ့ စာပေအနုပညာနှစ်ရပ်စလုံးဟာ ပိုပြီးနိုးကြားထက်မြက်လာခဲ့တယ်။ Victor Hugo ဆိုတာက Les Miserables ဆိုတဲ့ ကမ္ဘာကျော်စာအုပ်ကို ရေးသားခဲ့သူဖြစ်တယ်။ တော်စတွိုင်းရဲ့ ၁၈၆၂ ခုနှစ်မှာ ရေးခဲ့တဲ့ The School at Yasnaya Polyana စာတမ်းမှာ စာသင်ကျောင်းရဲ့ အခြေခံသဘောတရားတွေကို ရေးသားခဲ့တယ်။ တော်စတွိုင်းဟာ ၁၈၆၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့က Sophia Tolstaya နဲ့ လက်ထပ်ခဲ့တယ်။ သူတို့ဇနီးမောင်နှံမှာ သားသမီးသုံးယောက်ရှိတယ်။ (တချို့မှတ်တမ်းတွေက ၁၄ ယောက်လို့ ဖော်ပြကြတယ်။)

War and Peace (၁၈၆၉) စာအုပ်ကြီးမှာ ပထမအကြိမ် တည်းဖြတ်စဉ်က စာမျက်နှာ ၁၂၂၅ မျက်နှာပါရှိခဲ့တယ်။ ၁၈၇၀ နှစ်များအတွင်းမှာ သူဟာ အမှားနဲ့ အမှန် ကျင့်ဝတ်နဲ့ပတ်သက်ပြီး ထူးခြားတဲ့အတွေ့အကြုံတွေ ရခဲ့တယ်။ အတွေးအခေါ်နဲ့ ဘာသာရေးအယူဝါဒတို့နဲ့ပတ်သက်ပြီး သုတစာပေအဖြစ် A Confession ဆိုတဲ့ဖြောင့်ချက်ကိုလည်း ရေးသားခဲ့တယ်။

သုတစာပေအဖြစ် The Kingdom of God Is Within You စာအုပ်မှာ သူ့ရဲ့ အကြမ်းမဖက်ရေးမူနဲ့ ခုခံခြင်း စိတ်ကူးစိတ်သန်းကို ရေးသားဖော်ပြခဲ့တယ်။ အဲဒီအကြမ်းမဖက်ရေးမူဟာ Mohandas Gandhi ၊ Martin Luther King, Jr., ၊ James Bevel တို့လို ၂၀ ရာစုနာမည်ကျော်ပုဂ္ဂိုလ်တွေအပေါ် အချက်အချာကျကျ အကျိုးသက်ရောက်ခဲ့ကြတယ်။

တော်စတွိုင်းဟာ အသက် ၈၂ နှစ်အရွယ်၊ ၁၉၁၀ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့က ရုရှားအင်ပါယာရှိ Astapovo မီးရထားဘူတာရုံမှာ အဆုတ်ရောင်ရောဂါနဲ့ ကွယ်လွန်ခဲ့တယ်။ သူ့ရဲ့ ဈာပနအခမ်းအနားမှာ လူတန်းကြီးကို ရဲတပ်ဖွဲ့က အကန့်အသတ်လုပ်ဖို့ ကြိုးစားခဲ့ပေမဲ့

mgyoe.com

mgyoe.com



အခြေခံလူတန်းစား . ထောင်ပေါင်းများစွာဟာ လမ်းမတွေအပေါ်မှာ တန်းစီဂုဏ်ယူခဲ့ကြတယ်။ တော်စတွိုင်းဟာ သူ့ဘဝရဲ့ နောက်ဆုံးနာရီတွေမှာ ချစ်ခြင်းမေတ္တာ၊ အကြမ်းမဖက်ရေးမူနဲ့ပတ်သက်ပြီး ရထားပေါ်မှာ သူနဲ့အတူရှိနေတဲ့ ခရီးသည်တွေကို ဟောပြောခဲ့တယ်။

❑

mgyoe.com

mgyoe.com



# ကမ္ဘာကျော် Anna Karenina စာအုပ်

လီယို တော်စတွိုင်းရဲ့ Anna Karenina ဝတ္ထုရှည်ကြီးကို The Russian Messenger မှာ ၁၈၇၃ ခုနှစ်ကနေ ၁၈၇၇ ခုနှစ်အထိ အခန်းဆက်ဖော်ပြခဲ့တယ်။ ၁၈၇၇ ခုနှစ်မှာတော့ Anna Karenina စာအုပ်ထွက်ရှိလာတယ်။ အသက်ပါတဲ့ စိတ်ကူးယဉ်ဝတ္ထုထဲက အထွတ်အထိပ်ဇာတ်လမ်းတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် မှတ်ယူခဲ့ကြတယ်။ Time အပါအဝင် ခေတ်အဆက်ဆက်စစ်တမ်းတွေက Anna Karenina ကို အကြီးကျယ်ဆုံး ဂန္ထဝင်ဝတ္ထုရှည်ကြီးအဖြစ် ဖော်ပြခဲ့ကြတယ်။ 'အပြစ်အနာအဆာကင်းတဲ့ အနုပညာဖန်တီးမှု'၊ 'ထာဝရအကောင်းဆုံး ရေးသားမှု'၊ 'တော်စတွိုင်းရဲ့ စတိုင်က ချောက်ပစ်ကင်း သဲလဲစင်တဲ့ ပဥ္စလက်' လို့ ခေတ်အဆက်ဆက် ချီးကျူးခံရတယ်။

မင်းသမီး Anna Karenina ရဲ့ ဇာတ်ရုပ်ကိုတည်ပြီး ဇာတ်ကောင်ပေါင်းများစွာနဲ့ တန်ဆာဆင်ဖွဲ့နွဲ့ခဲ့တယ်။ Anna Karenina ဆိုတဲ့ ဆွဲဆောင်မှုအပြည့်ရှိတဲ့ မင်းသမီးဆိုတာက မင်းသား Stepan Oblonsky ရဲ့ ညီမတော်တယ်။ မြို့စား Alexei Karenin ရဲ့ ကြင်ရာတော်၊ မြို့စား Alexei Vronsky ရဲ့ချစ်သူဖြစ်တယ်။ မြို့စား Vronsky က မြင်းတပ်အရာရှိလည်းဖြစ်တယ်။ မင်းသား Stepan Oblonsky က အစိုးရအမှုထမ်းတစ်ဦးဖြစ်ပြီး Stiva လို့ခေါ်ကြတယ်။ သူ့ရဲ့ ကြင်ရာတော်မင်းသမီးက Dolly ဖြစ်တယ်။ မြို့စား Alexei Karenin က ဝါရင့်နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်ပြီး မင်းသမီး Anna Karenina ထက် နှစ်

mgyoe.com

mgyoe.com

၂၀ စီနီယာကျတယ်။ မြေပိုင်ရှင် Kostya က မင်းသား Stiva ရဲ့ သူငယ်ချင်းဟောင်းကြီး ဖြစ်တယ်။ မြေပိုင်ရှင် Kostya ရဲ့ အစ်ကိုကြီး Niklai က အရက်ကြောင့် ချွတ်ခြုံကျသွားတယ်။ Dolly ရဲ့ ညီမအငယ်ဆုံး ၁၈ နှစ်အရွယ် မင်းသမီး Kitty က နောက်ပိုင်းမှာ မြေပိုင်ရှင် Kostya ရဲ့ ဇနီးသည်ဖြစ်လာတယ်။

မင်းသမီး Betsy က Anna ရဲ့ချစ်သူ Vronsky နဲ့ ဝမ်းကွဲမောင်နှမတော်တယ်။ Lidia Ivanovna ဆိုတဲ့ မြို့စားကတော်ကတော့ မြို့စားအသိုင်းအဝိုင်းအထက်တန်းအလွှာမှာ ခေါင်းဆောင်ဖြစ်တယ်။ သူမက ရုရှားရဲ့ ရှေးရိုးစွဲ သက်ဝင်ယုံကြည်မှုကို စိတ်ဝင်စားတဲ့သူ၊ ဆုပ်ကိုင်ထားသူဖြစ်တယ်။ မြို့စားကတော် Vronskaya က Vronsky ရဲ့မိခင်ဖြစ်တယ်။ Sergei က Anna နဲ့ Karenin တို့ရဲ့သားဖြစ်ပြီး Annie က Anna နဲ့ Vronsky တို့ရဲ့ သမီးလေးဖြစ်တယ်။ အဲဒီလို ဇာတ်ကောင်ပေါင်းများစွာနဲ့ ဖန်တီးခဲ့တယ်။ မင်းသား စတီဗာက မိသားစုတစ်စု ပြိုကွဲလောက်အောင် အလွန်မြာပွေပြီး မိန်းမလိုက်စားတယ်။ တစ်နေ့ သူ့ရဲ့ဖောက်ပြန်တဲ့စာကို ဇနီးဖြစ်သူ ဒေါ်လီ တွေ့သွားပြီး ပြဿနာဖြစ်ကြတယ်။ မင်းသား စတီဗာက ဒေါ်လီကို နှစ်သိမ့်ဖို့အတွက် မော်စကိုကိုလာဖို့ ညီမဖြစ်သူ အန်နာကို လှမ်းခေါ်ခဲ့တယ်။ အန်နာဟာ သူ့ထက် အသက်အများကြီး ကြီးတဲ့ ခင်ပွန်း ခါရန်နန်နဲ့ သားဖြစ်သူ ဆာဂျီရီတို့ကို ထားခဲ့ပြီး စိန့်ပီတာစဘာ့ဂ် ကနေ မော်စကိုသို့ ခရီးထွက်ဖို့ ပြင်ခဲ့တယ်။ သားဖြစ်သူ ဆာဂျီရီကို သိပ်ချစ်တဲ့မိခင် အန်နာက မခွဲချင်ခွဲချင်နဲ့ ထားခဲ့ရတာပါ။

မင်းသား စတီဗာဆီ သူငယ်ချင်းဟောင်းဖြစ်တဲ့ မြေပိုင်ရှင် ကော့စ်တီယာ လာရောက်လည်ပတ်ခဲ့တယ်။ အဲဒီမြေပိုင်ရှင်က စတီဗာရဲ့ ဇနီးဖြစ်သူ ဒေါ်လီရဲ့ ညီမအငယ်ဆုံး ကစ်တီကို ကြိုက်နေတာပါ။ မော်စကို

mgyoe.com

mgyoe.com



ကိုသွားတဲ့ ရထားပေါ်မှာ မြို့စားကတော် ဗရွန်စကာယာနဲ့ အန်နာတို့ တိုက်တိုက်ဆိုင်ဆိုင် အတူတူစီးခဲ့ရတယ်။ မော်စကိုကို ရထားဆိုက်တော့ မိခင် ဗရွန်စကာယာကို လာကြိုတဲ့ သားဖြစ်သူ ဗရွန်စကီးနဲ့ အန်နာတို့ ပက်ပင်းဆုံခဲ့ကြတာပေါ့။ ဆွတ်ပျံ့ဖွယ် အချစ်ဇာတ်လမ်းတစ်ပုဒ်ရဲ့ အစ ဖြစ်သလို နောင်တစ်ချိန် ဝမ်းနည်းကြေကွဲရမယ့် ဇာတ်လမ်းတစ်ပုဒ်ရဲ့ အစလည်းဖြစ်ခဲ့တယ်။ ဗရွန်စကီးနဲ့ အန်နာတို့က မြင်မြင်ချင်း ချစ်ကြိုက် သွားကြတယ်ဆိုပါတော့။ အစ်ကိုဖြစ်သူ စတီဗာက ဗရွန်စကီးနဲ့ ကစ်တီ တို့ ကြိုက်နေကြတယ်လို့ ထုတ်ပြောခဲ့တယ်။ အဲဒီဘူတာရုံမှာ ရထား ဆိုက်တော့ ရထားအလုပ်သမားတစ်ဦး မတော်တဆ ရထားကြိတ်ခံရပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့တယ်။ ဒါကို အန်နာ မြင်ခဲ့ပြီး နိမိတ်မကောင်း တာနဲ့ စခဲ့ရတာလည်းဖြစ်တယ်။

အိမ်ရောက်တော့ အန်နာက ဒေါလီကို နှစ်သိမ့်မှုပေးခဲ့တယ်။ စတီဗာရဲ့ ဖောက်ပြန်မှုတွေကို နားလည်ပေးဖို့ ရှင်းပြခဲ့တယ်။ သူကိုယ်တိုင် ကတော့ အိမ်ထောင်ရေးဖောက်ပြန်မှု စတင်ဖို့ဦးတည်နေပြီဆိုတာ မရိပ် မိခဲ့ဘူး။ ဒေါလီနဲ့ ကလေးတွေက စတီဗာရဲ့ဘဝပဲလို့ အန်နာက နှစ် သိမ့်ခဲ့တယ်။ အဲဒီနောက် ကပွဲတစ်ခုမှာ ကစ်တီနဲ့ ဗရွန်စကီးတို့ အတူ တူတွဲကနေပေမဲ့ ဗရွန်စကီးရဲ့ မျက်လုံးတွေက အန်နာ့ဆီကိုပဲ ရောက် နေခဲ့တယ်။ တစ်ချိန်လုံး ချောင်းကြည့်တယ်။ အန်နာကလည်း တစ်ချိန် လုံး ခိုးကြည့်တယ်။ အန်နာနဲ့ ဗရွန်စကီးတို့ တွဲကရာမှာ အသက်ဝင် လွန်းတဲ့အတွက် ကစ်တီတစ်ယောက် စိတ်မကောင်းဖြစ်ပြီး ငိုခဲ့တယ်။

အန်နာက စိန့်ပီတာစဘာ့ဂ်ကို ပြန်သွားတော့ သူမနောက်ကို ဗရွန် စကီး လိုက်လာခဲ့တယ်။ တစ်ဖက်မှာတော့ ကစ်တီက စိတ်ရောကိုယ်ရော ကျန်းမာရေးမကောင်းတော့ဘူး။ ဗရွန်စကီးက အန်နာကို အရိပ်သဖွယ် တောက်လျှောက်လိုက်နေတယ်။ အန်နာနဲ့ ဗရွန်စကီးရဲ့ ဝမ်းကွဲမောင်နှမ

mgyoe.com

mgyoe.com



ဘက်စတီတို့ကလည်း တတွဲတွဲပေါ့။ ဗရွန်စကီး အရိပ်လိုလိုက်နေတာကို အန်နာရဲ့ခင်ပွန်း မြို့စား ခါရန်နန်က ရိပ်မိနေတယ်။ အန်နာနဲ့ ဗရွန်စကီးတို့ရှိတဲ့ ကပွဲကို မြို့စား ခါရန်နန်လိုက်လာတော့ ဇာတ်ကတော်တော်အသက်ဝင်လာပြီ။ အန်နာကို အိမ်ပြန်လိုက်ဖို့ မြို့စား ခါရန်နန်က ခေါ်ပေမဲ့ ချစ်စိတ်မွှန်နေတဲ့ အန်နာက အိမ်ပြန်မလိုက်ဘူးလို့ ငြင်းတယ်။ ဗရွန်စကီးကလည်း စိန့်ပီတာစဘာ့ဂ်ကနေ မခွာနိုင်တော့ဘူး။ ရာထူးတက်ပြီး နေရာပြောင်းရမှာကိုတောင် ပယ်ချခဲ့တယ်။ ဒီလိုနဲ့ အန်နာနဲ့ ဗရွန်စကီးတို့ အချစ်စိတ်က ပြင်းထန်လာပြီး ကျဉ်းထဲ ကျပ်ထဲ ရောက်လာတယ်။ အိမ်ပြန်ရောက်တော့ မြို့စား ခါရန်နန်က ဗရွန်စကီးနဲ့ပတ်သက်ပြီး အနေအထိုင်ဆင်ခြင်ဖို့ အန်နာကို သတိပေးခဲ့တယ်။ သားတစ်ယောက်ရှိတာ သတိရဖို့လည်း ပြောခဲ့တယ်။ နောက်ပိုင်းမှာတော့ အန်နာနဲ့ ဗရွန်စကီးတို့ ဘောင်ကျော်ပြီး အကြိမ်ကြိမ် ဖောက်ပြန်တဲ့အဆင့်ထိ ရောက်လာခဲ့တယ်။ မြို့စား ခါရန်နန်က ရိပ်မိပေမဲ့ အခုထိ ခွင့်လွှတ်နေဆဲပဲ။ ဒီလိုနဲ့ ဗရွန်စကီးနဲ့ပတ်သက်ပြီး အန်နာ ကိုယ်ဝန်ရှိနေပြီ။ နှစ်ယောက်စလုံးက ဘာမှမမြင်တော့ဘဲ ထွက်ပြေးကြမယ်တဲ့။

ဗရွန်စကီး ဝင်ပြိုင်တဲ့ မြင်းပွဲကို အန်နာနဲ့ ဘက်စတီတို့ သွားကြည့်တဲ့အခါ နောက်ကနေ မြို့စား ခါရန်နန် လိုက်လာခဲ့တယ်။ ပြိုင်ပွဲမှာ ဗရွန်စကီးရဲ့ မြင်းက ခြေခေါက်လဲပြီး ကျောရိုးကျိုးသွားတယ်။ အဲဒီမြင်းကို ဗရွန်စကီးက အများရှေ့မှာ သေနတ်နဲ့ ပစ်သတ်ခဲ့သလို အန်နာကလည်း ဗရွန်စကီးတစ်ခုခုဖြစ်မှာစိုးရိမ်ပြီး ထိန်းမနိုင် သိမ်းမရ ခံစားပြခဲ့တယ်။ အန်နာကို မြို့စား ခါရန်နန်က အတင်းဝင်ဆွဲရာမှာ လူတွေဝိုင်းအုံကြည့်ပြီး အရှက်ကွဲကြတယ်။

အန်နာက သူက ဗရွန်စကီးရဲ့ မိန်းမ ဖြစ်နေပြီလို့ မြို့စား ခါရန်နန်ထံ ဝန်ခံလိုက်တယ်။ မြို့စား ခါရန်နန်ကလည်း ဗရွန်စကီးနဲ့ ထပ်

mgyoe.com

mgyoe.com



မတွေ့ရတော့ဘူးလို့ သတိပေးခဲ့တယ်။ ကိုယ်ဝန်ဆောင်ထားတဲ့ အန်နာ ရဲ့အိမ်ကို ဗရွန်စကီး လိုက်လာခဲ့တယ်။ မြို့စား ခါရန်နန်ဟာ အလုပ်မှာ စိတ်မဝင်စားတော့ဘဲ ဒေါသတကြီးနဲ့ အိမ်ပြန်လာခဲ့တယ်။ သားဖြစ်သူ ဆာဂျီရီကို သူ့အစ်မ အိမ်ပို့မယ်။ သူလည်း ကွာရှင်းပြီးတဲ့အထိ အိမ်ပြန်မလာတော့ဘူးလို့ ဆိုခဲ့တယ်။ မြေပိုင်ရှင် ကော့စ်တီယာဟာ မင်းသား စတီဗာထံရောက်လာပြီး ကစ်တီနဲ့လက်ထပ်ဖို့ သူငယ်ချင်းထံကနေ အကြံဉာဏ်တောင်းခဲ့တယ်။ ကစ်တီနဲ့ မြေပိုင်ရှင် ကော့စ်တီယာတို့ ဒီတစ်ခါဆုံတဲ့အခါ အရင်လို သူစိမ်းမဆန်တော့ဘူး။ ဗရွန်စကီးရဲ့ လုပ်ရပ်ကြောင့် ကစ်တီဟာ ခံစားခဲ့ရသလို အခုချိန်မှာတော့ တည်တည်ငြိမ်ငြိမ်နဲ့ အရွယ်ရောက်လာခဲ့ပြီ။ မြေပိုင်ရှင် ကော့စ်တီယာကလည်း ကစ်တီကို တကယ်သံယောဇဉ်ကြီးမားသူပါ။

မြို့စား ခါရန်နန်က မင်းသား စတီဗာထံလာပြီး အန်နာနဲ့ ကွာရှင်းတော့မယ်လို့ အသိပေးခဲ့တယ်။ မင်းသား စတီဗင်ကတော့ သူ့ညီမနဲ့ပတ်သက်ပြီး စိတ်အေးအေးထားဖို့ တိုက်တွန်းတယ်။ ဒီလိုနဲ့ အန်နာ မကျန်းမာတော့ အန်နာရဲ့ နံဘေးမှာ မြို့စား ခါရန်နန်နဲ့ ဗရွန်စကီးတို့ နှစ်ယောက်စလုံး ရှိနေခဲ့တယ်။ မြို့စား ခါရန်နန်က ဗရွန်စကီးကို ထွက်သွားဖို့ ပြောခဲ့သလို အန်နာကို သူ တစ်သက်လုံး စောင့်ရှောက်မယ်လို့ ဆိုခဲ့တယ်။ ယောကျ်ားနှစ်ယောက်စလုံးက လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေအရပ်ရပ်ကို အပြန်အလှန်သဘောပေါက်ပြီး နားလည်တဲ့ အဆင့်ရောက်သွားခဲ့တယ်။

ဗရွန်စကီးရဲ့မိခင်ဟာ သူ့သားကို မော်စကိုပြန်လာဖို့ လှမ်းခေါ်တယ်။ အန်နာက သမီးလေးမွေးတယ်။ ဗရွန်စကီးက အန်နာကို နှုတ်ဆက်စကားပြောချင်လို့ ဘက်စတီကနေ တစ်ဆင့် တွေ့ခွင့်တောင်းပေမဲ့ အန်နာက လက်မခံဘူး။ ဒါပေမဲ့ အန်နာရဲ့စိတ်ထဲမှာတော့ အရမ်း

mgyoe.com

mgyoe.com



ခံစားနေရတယ်။ မြို့စား ခါရန်နန်နဲ့ အန်နာတို့ ထပ်ပြီး စကားများကြတယ်။ နောက်ဆုံးတော့ ခါရန်နန်က နောက်ဆုတ်ပေးလိုက်ပြီး အန်နာက ဗရွန်စကီးနောက်ကို လိုက်သွားခဲ့တယ်။ ဖျော့တော့တော့ဖြစ်နေတဲ့ အန်နာကို စိတ်ချမ်းသာအောင် ထားမယ်ဆိုပြီး တောင်ပိုင်းပင်လယ်တွေဆီ ဗရွန်စကီးက ခေါ်သွားခဲ့တယ်။ မြေပိုင်ရှင် ကော့စ်တီယာနဲ့ ကစ်တီတို့ လက်ထပ်ပြီး ကော့စ်တီယာ ဟာ သူ့ရဲ့အိမ်ကို ခေါ်သွားရာမှာ ရင့်ကျက်လာပြီဖြစ်တဲ့ ကစ်တီက ကော့စ်တီယာရဲ့ အစ်ကိုကြီး အရက်သမားကို မောင်းမထုတ်တဲ့အပြင် သန့်ရှင်းရေးကအစ လှိုက်လှိုက်လှဲလှဲ ကူညီခဲ့တယ်။ ကစ်တီရဲ့ သဘော ထားကြီးပုံနဲ့ မေတ္တာတရားကို ကော့စ်တီယာ အရမ်းအံ့အားသင့်ခဲ့ရတယ်။ ဒီလိုနဲ့ သားဖြစ်သူ ဆာဂျီရီရဲ့ မွေးနေ့အတွက် အန်နာနဲ့ ဗရွန်စကီးတို့ စိန့်ပီတာစဘာ့ဂ်သို့ ပြန်လာခဲ့တယ်။ အိမ်စောင့်တွေက အတင်းတားပေမဲ့ သားဖြစ်သူ ဆာဂျီရီကို အန်နာ ဝင်တွေ့ခဲ့တယ်။ မြို့စား ခါရန်နန်ရောက်လာတော့ သားဖြစ်သူကို ထားခဲ့ပြီး အန်နာတစ်ယောက် လှည့်ပြန်ခဲ့ရတယ်။

ဒီလိုနဲ့ အန်နာတစ်ယောက် စိတ်ရောကိုယ်ရော မကျန်းမမာဖြစ်လာသလို ဆေးလိပ်တွေ၊ အရက်တွေလည်း သောက်တယ်။ ပြဇာတ်ရုံကို အန်နာ သွားမကြည့်ဖို့ ဗရွန်စကီးက တားပေမဲ့ အန်နာက ဂရုမစိုက်ဘဲ သွားကြည့်ခဲ့တယ်။ ပြဇာတ်ရုံမှာတွေ့တဲ့လူတိုင်းက အန်နာကို အထင်သေးတဲ့ မျက်လုံးတွေနဲ့ ဝိုင်းကြည့်ကြတယ်။ ပြဇာတ်ရုံကို လိုက်လာတဲ့ ဗရွန်စကီးကလည်း တခြားအမျိုးသမီးတွေ၊ မိန်းကလေးတွေနဲ့ ပရောပရည် လုပ်တယ်။ အန်နာကို အိမ်ထောင်ရေးဖောက်ပြန်သူ၊ ဥပဒေချိုးဖောက်သူအဖြစ် တခြားအမျိုးသမီးတွေက မေးငေါ့ကြတယ်။ မကောင်းတဲ့ မိန်းမလို့ ပြောကြဲတယ်။ အန်နာ ငိုခဲ့ရတယ်။ အန်နာရှိတဲ့နေရာ၊ ဆိုင်တွေမှာဆိုရင် တခြားအမျိုးသမီးတွေက တစ်ဆိုင်ထဲ မစားချင်တဲ့

mgyoe.com

mgyoe.com


အထိ ရောက်လာခဲ့တယ်။ အိမ်ရောက်တော့ အန်နာ ပေါက်ကွဲတယ်။ စကားများတယ်။ ဆေးလိပ်နဲ့ အရက်ထပ်သောက်တယ်။ ကဲ့ရဲ့တဲ့ပုံစံတွေကို မခံစားနိုင်တော့လို့ ရွာဘက်ပြောင်းမယ်လို့ ဗရွန်စကီးကို ပြောခဲ့တယ်။ အမေနဲ့ တွေ့စရာရှိတယ်ဆိုပြီး ဗရွန်စကီးက ငြင်းတယ်။ တခြားအမျိုးသမီးတွေနဲ့ ထပ်တွေ့ချင်လို့လားဆိုပြီး အန်နာက စွပ်စွဲခဲ့တယ်။ မြို့စားခါရန်နန်ကလည်း ကွာရှင်းမပေးသေးဘူး။

ဒီလိုနဲ့ အန်နာတစ်ယောက် မူမမှန်ဘူး၊ စိတ်ဖောက်ပြန်တယ်၊ နေမကောင်းဖြစ်တယ်။ ဗရွန်စကီးက တခြားမိန်းကလေးတစ်ယောက်နဲ့ ဖောက်ပြန်နေတယ်လို့ စိတ်ထဲမှာ မြင်နေတယ်။ ဘာလုပ်ရမှန်း မသိတော့တဲ့ အန်နာဟာ ရထားတစ်စီး ဘူတာကို ဆိုက်ရောက်လာတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ခုန်ချသတ်သေခဲ့တယ်။ ဆွတ်ပျံ့ဖွယ် အချစ်ဇာတ်လမ်းဟာ ဝမ်းနည်းကြေကွဲစရာအဖြစ် နိဂုံးချုပ်ခဲ့ရတယ်။ ကစ်တီတို့ လင်မယားကတော့ ကလေးရသလို သူတို့ရဲ့ စိုက်ခင်းတွေမှာ လုပ်ဖော်ကိုင်ဖက် အလုပ်သမားတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေထိုင်နေကြတာပေါ့။ မင်းသား စတီဗာက သူ့ညီမ အန်နာအကြောင်း တွေးနေမိသလို မြို့စားခါရန်နန်ကလည်း သားဖြစ်သူ ဆာဂျီရီ၊ သမီးဖြစ်သူ အန်နီတို့ စောင့်ရှောက်ရင်း ဆွေးဆွေးမြည့်မြည့် ဖြတ်သန်းခဲ့ရတယ်။ တော်စတွိုင်းဟာ လူသားတွေရဲ့ဘဝကို ပုံဖော်ရာမှာ အထူးကျွမ်းကျင်တယ်ဆိုတာ Anna Karenina စာအုပ်ကြီးမှာ မြင်တွေ့နိုင်တယ်။ သူတော်ကောင်း ဟန်ဆောင်ခြင်း၊ မနာလိုဝန်တိုစိတ်ရှိခြင်း၊ ဘာသာရေးယုံကြည်သက်ဝင်မှု၊ သစ္စာရှိခြင်း၊ မိသားစု၊ အိမ်ထောင်ရေး၊ လူ့အသိုင်းအဝိုင်း၊ သွေးသားဆန္ဒနဲ့ သက်ဆိုင်မှု၊ ရမ္မက် အစရှိသဖြင့် အခြေအနေအရပ်ရပ်၊ ခံစားမှုအထွေထွေကို ချိတ်ဆက်ဖော်ပြခဲ့တယ်။

❑

mgyoe.com

mgyoe.com





အသက် ၂၀ အရွယ်
လီယို တော်စတွိုင်း (၁၈၄၈)




တော်စတွိုင်းရဲ့ဇနီး Sophia နဲ့
သူတို့ရဲ့သမီးလေး Alexandra

mgyoe.com

mgyoe.com






တော်စတွိုင်းရဲ့
War and Peace စာအုပ်
(၁၈၆၉၊ ပထမအကြိမ်တည်းဖြတ်မှု)




တော်စတွိုင်းရဲ့
Anna Karenina စာအုပ်

mgyoe.com

mgyoe.com





လီယို တော်စတွိုင်း မိသားစု(၁၈၈၇)



ငတ်မွတ်ခြင်းဘေးကြီးအတွက် ကူညီထောက်ပံ့ဖို့ ရုရှားရှိ ဆာမာရာမှာ
တော်စတွိုင်း စီစဉ်နေပုံ (၁၈၉၁)


mgyoe.com

mgyoe.com





လီယို တော်စတွိုင်း
(၁၈၉၇)



Yasnaya Polyana မှာကျင်းပခဲ့တဲ့ တော်စတွိုင်း မိသားစု စုံညီပွဲ (၁၉၀၅)

mgyoe.com

mgyoe.com



ရုရှားပန်းချီဆရာ Ilya Repin
ရေးဆွဲခဲ့တဲ့ တော်စတွိုင်းပုံ (၁၉၀၁)

လီယိုတော်စတွိုင်း ပုံတူပန်းချီ




mgyoe.com

mgyoe.com



စာကြည့်ခန်းမှာ တွေ့ရတဲ့
တော်စတွိုင်း (၁၉၀၈)



လီယို တော်စတွိုင်းရဲ့
အသက် ၈၀ ပြည့်မွေးနေ့
မတိုင်ခင် တွေ့ရစဉ်
(မေလ၊ ၁၉၀၈)

mgyoe.com

mgyoe.com

# ဆရာကြီး ရွှေဥဒေါင်း

## ၁၈၈၉ - ၁၉၇၃

ဆရာကြီးရွှေဥဒေါင်း (ဦးဖေသိန်း) ကို ၂၄-၁၀-၁၈၈၉ ခုနှစ်တွင် မန္တလေးဈေးချိုင့် (ဝါးတန်း)၌ အဘ ဦးဇော၊ အမိ ဒေါ်ရွှေတို့မှ မွေးဖွားသည်။

၁၉၁၅ ခု၊ နိုဝင်ဘာလ ၈ ရက်တွင် 'ရန်ကြီးအောင်' ဝတ္ထုကို ရေးသားသည်။ ထိုနှစ်မေလတွင် 'ရတနာပုံ' ဝတ္ထုကို ရေးသားခဲ့သည်။ သူရိယမဂ္ဂဇင်းတွင် အယ်ဒီတာဖြစ်လာပြီးနောက် ၁၉၁၇ ခုနှစ်၊ ဧပြီလ (သူရိယမဂ္ဂဇင်း အမှတ် ၂)မှစ 'စုံထောက်မောင်စံရှား' ဝတ္ထုကို စတင်ရေးသားခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် 'မျှော်တလင့်လင့်' Great Expectations ဝတ္ထုနှင့် ၁၉၅၅ ခုနှစ်တွင် 'သွေးစုပ်မြေ' The Jungle ဝတ္ထုတို့ဖြင့် စာပေဗိမာန် (ဘာသာပြန်ဆု) တို့ကိုလည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် 'ဘဝတစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' ကိုယ်ရေး ဘဝအတ္တုပ္ပတ္တိ စာအုပ်ဖြင့် သုတပဒေသာဆုကိုလည်းကောင်း ဆွတ်ခူးရရှိသည်။

၁၉၇၃ ခုနှစ်၊ ဩဂုတ် ၁၀ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့သည်။

mgyoe.com

mgyoe.com



## တော်စတွိုင်း-ရုရှားစာပေ၏ ဂုဏ်ထူးဆောင်

သူ့အား ၁၉ ရာစု၏ 'စာပေခြင်္သေ့ကြီး' ဟု တင်စားကြသည်။ သူ၏ စာပေလက်ရာတို့သည် အနုပညာပြည့်ဝသော စာလုံးများဖြင့် ထုံမွှန်းထားသည်ဟု ဆိုကြသည်။

သူ၏ လက်ရာများအနက်…

- ၁၈၆၆ ခုနှစ်တွင် ရေးသားခဲ့သော ရုရှားနိုင်ငံသို့ နပိုလီယန်၏ စစ်တပ်များ ဝင်ရောက်လာခဲ့ခြင်းကို နောက်ခံပြုထား ရုရှား အိမ်ထောင်စု နှစ်စုတို့ကို ဖွဲ့ထားသည့် War and Peace ဝတ္ထုရှည်ကြီးသည် လည်းကောင်း၊
- ၁၈၇၃ ခုနှစ်တွင် ရေးသားခဲ့သော သောကပရိဒေဝ တောက်လောင်ခံနေရသော ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦးဖြစ်လျက် သစ္စာပျက်ယွင်းမှုကြောင့် သားကိုစွန့်ရပြီး လူ့အသိုင်းအဝိုင်း၌ ကြဉ်ဖယ်ခြင်းခံရသောကြောင့် နောက်ဆုံး မိမိကိုယ်မိမိ အသက်စွန့်လွှတ်သွားရရှာသော အမျိုးသမီးတစ်ဦးကို ပဓာနထားဖွဲ့ဆိုထားသည့် Anna Karenina ဝတ္ထုကြီးသည် လည်းကောင်း၊
- အခြားသော စာပေရတနာများနှင့်တူသော ဝတ္ထုများသည် လည်းကောင်း သူ၏ မပျောက်ဆုံးနိုင်သော လက်ရာများပင် ဖြစ်သည်။

mgyoe.com

mgyoe.com



သူကား ကောင့်လီအို နီကိုလာရီဗစ် တော်စတွိုင်း Count Leo Nikolayevich Tolstoy [ရုရှားအသံထွက်လျက် နယီကပ်လာယေဗျစ် တာ့စတွိုင်] ဖြစ်သည်။

၁၈၂၈ ခုနှစ်၊ စက်တင်ဘာ ၉ ရက်တွင် ဆိုဗီယက် ပြည်ထောင်စု (ရုရှား) တူလာပြည်နယ်၊ ယာစနာယာပါလျာနာ ကျေးရွာတွင် မှူးမတ်မျိုးရိုးမှ မွေးဖွားခဲ့သည်။ ငယ်စဉ် ၂ နှစ်သားကပင် မိခင်နှင့် ၉ နှစ်သားတွင် ဖခင်တို့ ကွယ်လွန်ခဲ့သည်။ ၁၁ နှစ်သားအရွယ်တွင် အစ်ကိုများနှင့်အတူ ကဇန်းမြို့တွင် ပညာသင်ခဲ့ပြီး ၁၈၄၄ ခုနှစ်၌ ကဇန်း တက္ကသိုလ်၌ ပညာသင်ခဲ့သည်။

ထိုစဉ်က သူ၏ဘဝကို အင်တွန် ချက်ကော့ဗ် Anton Chekhov ထံသို့ ရေးသားပေးပို့ခဲ့သော စာများတွင် ရေးသားထားခဲ့သည်မှာ

"ကျွန်ုပ်ကတော့ ဒီကိစ္စတွေမှာ မရောင့်ရဲနိုင်ခဲ့ပါဘူး" ဟုဆိုခဲ့၏။ သူသည် ချမ်းသာကြွယ်ဝသော အထက်တန်းစားပီပီ အရက်၊ မိန်းမနှင့် အလောင်းအစားတွင် မျောပါခဲ့ဖူးလေသည်။ "အသက် ၂၄ နှစ်အထိ ကျွန်တော်ဟာ ဘာအလုပ်မှ မလုပ်ခဲ့သေးပါဘူး" ဟု ရေးသားခဲ့သည်။

၁၈၅၀ တွင် စိန့်ပီတာစဘတ် တက္ကသိုလ်၌ ဥပဒေပညာ သင်ခဲ့သည်။ သို့သော် သူသည် အပျော်အပါး မလျော့ခဲ့ပေ။ 'ကျွန်ုပ်ကား သားကောင်တစ်ကောင်လိုပင် နေခဲ့သည်' ဟု သူ့ဒိုင်ယာရီတွင် ရေးခဲ့ဖူးသည်။ သူ၏ ပထမဆုံးသော 'ကလေးဘဝ' Childhood ဝတ္ထုကို အသက် ၂၄ နှစ်တွင် ရေးသားခဲ့သည်။ ထို့နောက် 'လူငယ်ဘဝ' Boyhood နှင့် 'နုပျိုခြင်း' Youth ဝတ္ထုများကို ရေးသားခဲ့သည်။

၁၈၅၁ တွင် ကော့ကေးဆပ်နယ်ရှိ ရုရှားတပ်တွင် အမှုထမ်းခဲ့ပြီး ကရိုင်းမီးယန်းစစ်ပွဲတွင် ပါဝင်ခဲ့သည်။ စစ်ကို ကိုယ်တိုင်ကြုံခဲ့ရသော

mgyoe.com

mgyoe.com



သူ့ဘဝသည် နောင်အခါ ထင်ရှားသော ဝတ္ထုကြီးကို ဖန်တီးနိုင်ခဲ့လေသည်။

သူသည် ဤမျှကြွယ်ဝချမ်းသာခဲ့သော အာရုံခံစားခဲ့သောကြောင့်လားမသိ။ သူ၏ ဘဝအမြင်တို့သည် ပြောင်းလဲလာသည်။ ဘဝ၏ အနှစ်သာရမဲ့ပုံများကို မြင်လာသည်။ သူ၏ ထင်ရှားသော ဝတ္ထုများမှရသော ဝင်ငွေများကိုလည်းကောင်း၊ လယ်ယာမှရသော ဝင်ငွေများကိုလည်းကောင်း၊ ဘာမျှတန်ဖိုးမရှိဟု မြင်လာသည်။ လူ့ဘဝကို မြင်သော သူ့အမြင်တို့သည် ဗုဒ္ဓတရားနှင့် နီးကပ်လှသည်။ 'လူတစ်ကိုယ် မြေမည်မျှလိုသလဲ' ဟူသော အတွေးမျိုးသည်လည်းကောင်း၊ 'ပျားရည်စက်ကို သေအံ့မူးမူး ဒုက္ခများကြား၌ ခံမင်နေသော အာရုံခံစားမှုကို မစွန့်လွှတ်နိုင်သော လူသားတစ်ဦး' အတွေးမျိုးသည် လည်းကောင်း ထူးခြားလှသည်။

ထို့ကြောင့်လည်း သူ၏ ၁၈၉၉ ခုနှစ်တွင် ရေးသားသော 'နိုးထခြင်း' Resurrection တွင် မင်းသားတစ်ပါးနှင့် ပြည့်တန်ဆာမ တစ်ဦးအကြောင်းကို ရေးသားရင်း ဓာဘုရင်တရားစီရင်ရေးနှင့် အကျဉ်းထောင်စနစ်ကို ဝေဖန်ရေးသားခဲ့လေသည်။

သူကိုယ်တိုင် ဆေးလိပ်၊ အရက် သောက်သုံးခြင်း မပြု အသားစားခြင်း မပြုတော့ဘဲ ကျင့်သုံးနေထိုင်ခဲ့သည်မှာ နောက်ဆုံး အချိန်အထိပင် ဖြစ်သည်။ ထို့ကြောင့်လည်း သူ၏ အတွေးအခေါ်နှင့် သူ၏အပြုအမူများကြောင့် ရှေးရိုး ခရစ်ယာန်ဂိုဏ်းက သူ့အား သေပြီးသည်အထိ ကြဉ်လေသည်။

သူသည် စည်းစိမ်ဥစ္စာ အားလုံးကို စွန့်ပစ်ပြီး တကယ့်လယ်သမား တစ်ယောက်အဖြစ် လုပ်ကိုင်စားသောက်နေထိုင်ခဲ့သည်။ ၁၈၇၉ ခုတွင် A Confession ဟူသော စာအုပ်ကို ရေးသားခဲ့သည်။ Ex-

mgyoe.com

mgyoe.com



amination of Dogmatic Theology, Translation and Harmony of Four Gospels တို့တွင် သူ၏ အယူအဆများကို တွေ့နိုင် သည်။ အနုပညာနှင့် ပတ်သက်၍ What is Art? ဟူသော စာအုပ်ကို ရေးသားခဲ့သည်။

၁၉၁၀ ပြည့်နှစ်တွင် နိုဝင်ဘာလ ၁၀ ရက်တွင် သူသည် အိမ်မှ ထွက်လာပြီး ခြေဦးတည့်ရာ သွားမည်ဟု ထွက်ခွာလာရင်း အက်စတာ ပိုဗို ဘူတာရုံကလေး၌ အဆုတ်အအေးမိသော ရောဂါဖြင့် လဲကျပြီး နိုဝင်ဘာလ ၂၃ ရက်တွင် သေဆုံးခဲ့ရလေသည်။

"ငါ ထွက်သွားခဲ့တဲ့အတွက် မင်းကို နာကျင်စေမှာပါပဲ၊ ငါ လည်း ဝမ်းနည်းပါတယ်" ဟု တော်စတွိုင်းသည် ဇနီးသည် ဆိုဖီယာ အား စာရေးသားခဲ့သည်။ သူသေဆုံးခဲ့သော ဘူတာကလေး၏ နာရီစင် တွင် နံနက် ၆ နာရီ ၅ မိနစ်ကို ယခုတိုင် အမှတ်တရ ထားဆဲဖြစ်သည်။

'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးကို သူရေးသားပုံမှာ အံ့ဩ လောက် သည်။ စာမျက်နှာ အနည်းငယ်ရေးပြီးလျှင် မကြိုက်တိုင်း တစ်ကြိမ်ပြီး တစ်ကြိမ် ပြန်ရေးသည်။ ညဘက်တွင် သူရေးပြီးသော စာများကို သူ့ဇနီး 'ဆိုဖီယာ'က နံနက်တွင် ပြန်ကူးရသည်။ သို့သော် ကူးပြီးနောက် မကြိုက်လျှင် ပြန်ရေးပြန်သည်။ ထို့ကြောင့်လည်း 'ဆိုဖီယာ'က သူ၏ နေ့စဉ်မှတ်တမ်းတွင် 'ဘယ်လောက်ဖွဲ့ရှိပြီး အပင်ပန်းခံနိုင်တဲ့ သူလဲ၊ တကယ့်ကို အံ့ဩစရာပဲ'ဟု ရေးသားခဲ့လေသည်။ ခုနစ်နှစ်တိုင် ရေး သားခဲ့သော ထိုဖွဲ့နှင့် စိတ်ရှည်မှုကား ကမ္ဘာပေါ်တွင် အထင်ရှားဆုံး ဝတ္ထုကြီး ဖြစ်လာခဲ့ခြင်းပင်တည်း။ စာမျက်နှာ တစ်ထောင်ကျော်၊ တစ်ဒါဇင်ခန့်သော အဓိကဇာတ်ကောင်များ၏ စရိုက်၊ ထင်ရှားသော သမိုင်းနောက်ခံတို့သည် ထိုဝတ္ထုကြီး၌ ထူးခြားနေလေသည်။

mgyoe.com

mgyoe.com



'အင်နာ ကရေနီနား'သည် 'စစ်နှင့်ငြိမ်းချမ်းရေး' လောက် ဇာတ်အိမ် မကြီးမားသော်လည်း ရသမြောက် ဝတ္ထုတစ်ပုဒ် ဖြစ်ခြင်းကြောင့် ရုပ်ရှင်၊ ပြဇာတ်များ ယနေ့တိုင် ရိုက်ကူးဆဲ၊ ကပြဆဲ ဖြစ်သည်။ မော်စကိုတွင် ပြဇာတ်အဖြစ် ကပြရာတွင် ထင်ရှားသော ပြဇာတ်မင်းသမီး မာယာ ပလီဆစ်စကာယား Maya Plisitskaya က ကပြခဲ့သည်ကို ချီးကျူး ရေးသားခဲ့ကြသည်။

အနောက်က ရိုက်ကူးသော 'အင်နာကရေနီနား' ရုပ်ရှင်များတွင် မင်းသမီး အဆက်ဆက် ပြောင်းရိုက်ကူးခဲ့သည်။ ဂရီတာဂါဘို Greta Garbo၊ ဗီဗီယန်လေး Vivian Leigh၊ ဂျက်ကရင်း ဘစ်ဆက် Jacqueline Bisset နှင့် မကြာမီက ရိုက်ကူးခဲ့သောကားတွင် ပြင်သစ် မင်းသမီး ဆိုဖီမာဆေး Sophie Marceau အထိ မျိုးဆက်ပြောင်းကာ ရိုက်ကူးပြသဆဲပင် ဖြစ်သည်။

'ပျော်ရွှင်နေကြသော မိသားစုများဟာ တူညီနေကြသည်။ မပျော် ရွှင်ကြတဲ့ မိသားစုများမှာ သူ့နည်းသူ့ဟန်နှင့် မပျော်ရွှင်ကြဘူး' ဟူသော စကားဖြင့် ဖွဲ့ဆိုထားသော 'အင်နာကရေနီနား' ဝတ္ထုသည် သူ၏ အသက် ၅၀ အရွယ်တွင် ရေးခဲ့သော အိမ်ထောင်ရေး ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ စာတစ်ကြောင်းရဖို့ ဖျက်လိုက်၊ ပြင်လိုက်၊ ရေးလိုက်ဖြင့် အကြိမ်ကြိမ် ပင်။

သူ၏စာများကို ကမ္ဘာအနှံ့ ဘာသာပြန်ခဲ့ကြသည်။ စာဖတ်သူ တိုင်းအပေါ် သြဇာသက်ရောက်ခဲ့သည်။ အာရှ၊ ဥရောပက ခေါင်းဆောင် ကြီးများဖြစ်သော လီနင်၊ မဟတ္တမဂန္ဒီ တို့သာမက အမေရိကန်သမ္မတ နစ်ဆင်ကဲ့သို့ ပုဂ္ဂိုလ်များအထိပင် သူ၏ စာပေသြဇာသည် သက်ရောက်ခဲ့ သည်။ နစ်ဆင်က သူ၏ တက္ကသိုလ်ကျောင်းသားဘဝက တော်စတွိုင် ကို စွဲမက်ခဲ့ပုံများကို ပြန်ပြောင်းပြောရာတွင် 'ဒီအချိန်တုန်းက ကျွန်တော့် ဘဝမှာ တော်စတွိုင်းပါပဲ' ဟု ဆိုခဲ့လေသည်။

mgyoe.com

mgyoe.com



သက်ရှိထင်ရှားရှိစဉ်ကပင် သူ့အား ဖန်ချက်လုပ်သားများက ၁၉၀၁ ခုနှစ်တွင် ပေးခဲ့သော စက္ကူဖြင့်သည့် ဖန်တုံးဝွင်-

"ရုရှား လူမျိုးများသည် သင့်အတွက် ဂုဏ်ယူလျက် ရှိကြပါသည်။ သင်သည် ထာဝရကြီးကျယ် မြင့်မြတ်လျက်သာရှိနေမည် ဖြစ်ပါသည်။ ချစ်ခင်မြတ်နိုးသူများ"

ဟူသော စာတမ်းကို ထွင်းထား ဂုဏ်ပြုခဲ့လေသည်။

မဟာတ္တမဂန္ဓီသည် သူနှင့်ရင်းနှီးသော မိတ်ဆွေဖြစ်ပြီး စာဆက်သွယ် ရေးသားလေ့ရှိသည်ဖြစ်ရာ တော်စတွိုင်း မကွယ်လွန်မီကလေးတွင် ဂန္ဓီက သူ၏ The Kingdom of God is With You ကို ဖတ်ပြီးနောက် ၎င်း၏ အကြမ်းမဖက်ရေးဝါဒ ပိုပြီး ကြည်လင်လာပုံများကိုပါ စာရေးသားပြီး ပြန်ကြားခဲ့လေသည်။ ဂန္ဓီသည် တော်စတွိုင်း၏ စာများကို လေးလေးစားစား ဖတ်ရှုခဲ့သည်။ ဂန္ဓီက သူ့ကိုယ်သူ တော်စတွိုင်း၏ နှိမ့်ချသော တပည့်တစ်ဦးအဖြစ် ခံယူခဲ့သည်။

ယခုဆိုသော် သူကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၉၀ ခန့်ရှိပြီဖြစ်၏။

သို့သော် သူ၏ စာများသည် လည်းကောင်း၊ သူ၏ ဂုဏ်သတင်းသည်လည်းကောင်း ထင်ရှားပျံ့နှံ့နေဆဲ ဖြစ်သည်။

သူမြုပ်နှံထားခဲ့ရာ ယာ့စ်နာယာ ပိုလီယာနာ Yasnaya Polyana သို့ လာရောက် သူ၏ တန်ဆာဆင်ခြင်းကင်းသော မြေပုံကလေးတွင် ချထားသည့် ပန်းခြင်းများ၊ ပန်းများသည် အမြဲလတ်ဆတ်လျက်ပင် ရှိလေသည်။

---

[ဤဆောင်းပါး အချက်အလက်များကို National Geographic အတွဲ ၁၆၉၊ အမှတ် ၆၊ ဇွန် ၁၉၈၆ စာ ၇၅၈-၇၉၀ Peter T. White ၏ The World of Tolstoy မှ ယူပါသည်]

mgyoe.com

mgyoe.com



ကျွန်မ ရှစ်နှစ်အရွယ် စာဖတ်တတ်စက ဖတ်ခဲ့ဖူးသော ရတနာပုံ ဝတ္ထုမျိုး ထပ်ရေး နိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်နှင့် ဆရာကြီး ရွှေဥဒေါင်းအား ဤစာအုပ်ဖြင့် ကန်တော့ပါ၏။

ခင်မျိုးချစ်

၇-၁၁-၄၇

အထက်ပါစာကို စာအုပ်တွင်ရေးလျက် စာရေးဆရာမ ခင်မျိုးချစ် က ရုရှားစာရေးဆရာကြီး လီယိုတော်စတွိုင်း၏ ဝတ္ထုပေါင်းစုံပါရှိသော စာအုပ်ကြီးကို ကျွန်ုပ်အား လက်ဆောင်ပေးခဲ့ဖူးရာ ပေးသူ၏ ဆန္ဒလည်း ပြည့်စုံစေ၊ ဤခေတ်တွင် နာမည်ကြီးသော တိုင်းပြည်မှ နာမည်ကြီးသော စာရေးဆရာကြီး၏ လက်ရာများကိုလည်း စာဖတ်ပရိသတ်တို့ ဖတ်ကြ ရစေလို၍ အင်နာကရင်နီနား ဝတ္ထုကြီးကို အကျဉ်းချုံး၍ ဘာသာပြန်ဆို လိုက်ခြင်းဖြစ်ပါကြောင်း။

ရွှေဥဒေါင်း

၃-၁၀-၄၉

mgyoe.com

mgyoe.com

# အင်နာ ကရင်နီနား

## [၁]

စတီပင် အောဘလိုစကီသည် သားသမီးများကို စာသင်ပြသော ဆရာမနှင့် ချစ်ကြိုက်လျက်ရှိကြောင်း ပစ်စာတစ်စောင် ရရှိသည်ဖြစ်၍ မယားဖြစ်သူ ဒေါ်လီမှာ လင်ယောက်ျားအပေါ်၌ စိတ်ကောက်လျက်ရှိ၏။ ဒေါ်လီသည် လင်ဖြစ်သူ စတီပင်နှင့် အတွေ့မခံဘဲ မိမိ၏ အခန်းထဲ၌ အောင်းလျက်ရှိရာ တစ်အိမ်လုံးမှာလည်း ခြောက်သွေ့လျက် ရှိသည်နှင့် အစေခံများလည်း မနေတတ်မထိုင်တတ်အောင် ရှိကြ၍ အလုပ်မှထွက်မည်ဟု နို့တစ်စာ တင်သွင်းထားကြ၏။

ထိုအတောအတွင်းမှာပင် စတီပင်၏ အစ်မ အင်နာကရင်နီနားသည် မော်စကိုမြို့၌ နေထိုင်လျက်ရှိသော စတီပင်ထံသို့ အလည်အပတ်လာရောက်မည်ဟု ကြေးနန်းတစ်စောင် ရရှိလေရာ စတီပင်သည် ၎င်းကြေးနန်းကို မယားဒေါ်လီအားပြ၍ အမျက်ပြေပျောက်ရန် ချော့မော့တောင်းပန်သော်လည်း ဒေါ်လီက ဧည့်ခံသော တာဝန်ကို မိမိယူမည် မဟုတ်ကြောင်း၊ မိမိမှာ လင်နှင့်အတူ မနေလိုတော့ဘဲ သားသမီးများကိုပါ

mgyoe.com

mgyoe.com


စွန့်ပစ်၍ မိဘများ၏နေအိမ်သို့ ပြောင်းရွှေ့နေထိုင်တော့မည် ဖြစ်ကြောင်းနှင့် တင်းမာစွာ ပြန်ပြောလေ၏။

စတီပင်သည် တရားသူကြီးတစ်ယောက်ဖြစ်၍ ရုံးသို့ထွက်လာခဲ့စဉ် ငယ်သူငယ်ချင်း တစ်ယောက်ဖြစ်သော လီဗိုင်သည် တောရွာ၌နေထိုင်လျက်ရှိရာမှ မော်စကိုမြို့သို့ အလည်လာရောက်သည်နှင့် စတီပင်၏ ရုံးခန်းသို့ ဝင်လာလေ၏။

ဒေါ်လီသည် ကစ်တီအမည်ရှိ ညီမတစ်ယောက်ရှိလေရာ လီဗိုင်သည် ကစ်တီနှင့် သိကျွမ်းဖူးသည်ဖြစ်၍ သူငယ်မကို ချစ်ကြိုက်စုံမက်သည်နှင့် မိမိ၏စိတ်ကို ကစ်တီအား ဖွင့်ဟပြောပြရန် အကြံအစည်နှင့် မော်စကိုမြို့သို့ လာခဲ့ခြင်းဖြစ်၏။ စတီပင်လည်း သူငယ်ချင်း လီဗိုင်၏ အကြံအစည်ကို ရိပ်မိ၍ အကြံအစည် ထမြောက်ပါစေဟု ဆုတောင်းမိ၏။

[၂]

လီဗိုင်မှာ တောရွာ၌နေထိုင်သူ တစ်ယောက်ဖြစ်သော်လည်း ဆွေကြီး မျိုးကြီး မြေပိုင်ရှင်တစ်ယောက် ဖြစ်ရသည်နှင့် ကစ်တီကဲ့သို့သော မိန်းကလေးတစ်ယောက်နှင့် မထိုက်တန်ဟူ၍ မဆိုသင့်ပေ။ သို့ရာတွင် လီဗိုင်ကမူကား ရာထူးခေတ်စားသော ထိုခေတ်အခါ၌ မိမိကိုယ်ကို ကစ်တီနှင့် မထိုက်တန်ဟု ယူဆခဲ့သည် ဖြစ်သောကြောင့် မိမိ၏ မေတ္တာကို ဖွင့်ဟပြောဆိုခြင်း မပြုဝံ့ဘဲ ကြာရှည်စွာ မျိုသိပ်အောင့်အည်းထားခဲ့ရာ ယခုမှပင် စွန့်စားဖွင့်ဟတော့မည်ဟု လာရောက်ခဲ့ခြင်း ဖြစ်လေသည်။

ထိုညနေ၌ လီဗိုင်သည် စတီပင်နှင့်အတူ ညစာစားသောက်ကြစဉ် မိမိ၏ အကြံအစည်ကို သူငယ်ချင်း စတီပင်အား ဖွင့်ဟတိုင်ပင်

mgyoe.com

mgyoe.com


လေသည်တွင် စတီပင်က မိမိ၏ မယားဒေါ်လီသည် လီဗိုင်ကို သဘောကျ၍ ညီမကစ်တီနှင့် သဘောတူကြောင်း ပြောပြပြီးလျှင် လီဗိုင်အဖို့ ပြိုင်ဘက်တစ်ယောက် ပေါ်ပေါက်နေသော အခြင်းအရာကိုလည်း သတိပေး၏။

၄င်းပြိုင်ဘက်ဆိုသည်မှာ ရောင်စကီ အမည်ရှိ စစ်ဗိုလ်ကလေး တစ်ယောက်ဖြစ်၍ ဥစ္စာလည်းပေါ ရုပ်လည်းချောသည့်အပြင် ဇာဘုရင်၏ သက်တော်စောင့်အဖြစ်နှင့် အမှုထမ်းလျက်ရှိကြောင်း၊ အမျိုးအနွယ်မှာလည်း ရုရှားတစ်ပြည်လုံးတွင် ထိပ်တန်းကျသော သူငယ်တစ်ယောက် ဖြစ်ကြောင်း၊ စိတ်နေသဘောထားမှာလည်း အလွန်ကောင်းမွန်ကြောင်း၊ ပညာလည်းတတ်၍ ဉာဏ်လည်း အလွန်ကောင်းကြောင်း စသည်ဖြင့် ပြောပြသည်တွင် လီဗိုင်မှာ နဂိုကတည်းက ဟန်လှသည့် မထင်မိသည် အတွင်း ဤသတင်းကို ကြားရသဖြင့် စိတ်ပျက်အားလျော့၍ မိမိ၏ အကြံအစည်ကို လက်လျှော့တော့မည်ဟူ၍ပင် အောက်မေ့မိ၏။

သို့ရာတွင် စတီပင်က မိမိ၏မယား ဒေါ်လီ သိရသမျှ လီဗိုင် အတွက် လုံးဝမျှော်လင့်ဖွယ် မရှိဟူ၍ မဆိုနိုင်ကြောင်း ပြောသည်နှင့် လီဗိုင်သည် လာခဲ့မိသည့်အတူတူ 'မကျော်ရပြန်ရုံ' ဆိုသော စကားကဲ့သို့ မိမိ၏ ကြံရွယ်ချက်အတိုင်း ကစ်တီအား ဖွင့်ဟပြောပြတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

ကစ်တီ၏ မိဘနှစ်ပါးအနက် ဖခင် ချာဘက်စကီသည် လီဗိုင်၏ တည့်မတ်ဖြောင့်စင်းသော စိတ်သဘောထားကို သိရှိပြီးဖြစ်သည့်ပြင် တောရွာ၌ နေထိုင်သူတစ်ယောက် ဖြစ်စေကာမူ မြေပိုင်ရှင်တစ်ဦး ဖြစ်သည်ဆို၍ သမီးကစ်တီနှင့် သဘောတူ၏။ မိခင်ကမူကား ဥစ္စာပေါ ရုပ်ချောအမျိုးမြတ်၍ ရာထူးလက်ကိုင်ရှိသော ရောင်စကီကိုသာ သဘော

mgyoe.com

mgyoe.com


ကျ၏။ သို့ရာတွင် ရောင်စကီသည် မိမိ၏သမီးကို ချစ်ကြိုက်ရိုးမှန်ပါ လေ၏လောဟူ၍ကား ယုံမှားခြင်းရှိမိ၏။

နောက်တစ်နေ့ညနေ၌ လီဗိုင်သည် ကစ်တီ ချာဘက်စကီ၏ နေအိမ်သို့သွား၍ ဧည့်ခန်းတွင် ကစ်တီနှင့် အဆင့်သင့်တွေ့သည်နှင့် ရိုးသားတည့်မတ်သော လူတစ်ယောက်ပီပီ မိမိ၏မေတ္တာကို ဖွင့်ဟပြော ပြ၍ မိမိနှင့် အိမ်ထောင်ဘက်ဖြစ်ဖို့ သဘောတူပါ၏လောဟု တိုက်ရိုက် မေးလေ၏။ ကစ်တီသည် လီဗိုင်နှင့် ယခင်က ကြိမ်ဖန်များစွာ တွေ့ဆုံ၍ ၄င်း၏ ရိုးသားဖြောင့်မတ်သော သဘောကိုသိသဖြင့် ငြင်းပယ်ဖို့ မရှိ သည် ကားမှန်၏။ လီဗိုင်ကို သဘောကျသည်လည်း မှန်၏။ ထိုအခါ က လီဗိုင်က ဤကဲ့သို့သော မေးခွန်းမျိုးမေးခဲ့သည်ရှိသော် လီဗိုင် မျှော်လင့်သော အဖြေကိုပင် ပေးကောင်းပေးမည် ဖြစ်၏။

သို့ရာတွင် ယခုတစ်လောမူကား မော်စကိုသို့ စစ်တပ်နှင့်အတူ ပြောင်းရွှေ့လာသော စစ်ဗိုလ်ကလေး ရောင်စကီနှင့် တွေ့ဖူးမြင်ဖူး သိ ကျွမ်းဖူးသည် ဖြစ်သောကြောင့် ကစ်တီ၏စိတ်သည် လွတ်လပ်စွာ မရှိတော့ချေ။ ရောင်စကီ ကိုယ်တိုင်က ချစ်ကြိုက်ပါသည်ဟူ၍ ဖွင့်ဟ ပြောဆိုဖူးသည် မဟုတ်သေးသော်လည်း အချိန်ရှိသမျှ ၄င်းနေအိမ်သို့ ဝင်ထွက်သွားလာလျက် ရှိသည်ဖြစ်၍ လူတိုင်းက အထင်ရောက်လျက် ရှိ၏။ သို့ဖြစ်၍ ကစ်တီက မိမိအား ဤကဲ့သို့ ဖွင့်ဟဝန်ခံခြင်းအတွက် ဂုဏ်ရောက်ဖွယ် အခြင်းအရာဟူ၍ မှတ်ယူပြားသော်လည်း မဖြစ်နိုင် သဖြင့် ဝမ်းနည်းကြောင်းနှင့် လီဗိုင်အား ပြန်ပြောလေ၏။

## [၃]

ရောင်စကီမှာ ငယ်စဉ်ကတည်းက ဖခင်သေဆုံး၍ အမိမုဆိုးမနှင့် ကြီးပြင်းလာခဲ့ရာ မုဆိုးမဆိုသော်လည်း နုပျိုသေး၍ ရုပ်ရည်ချောမော

mgyoe.com

mgyoe.com


သော မိန်းမတစ်ယောက် ဖြစ်သည့်အလျောက် ပိုးပန်းသူ အလွန်များပြား လှသဖြင့် ၎င်း၏ရည်းစားထားခြင်း အကြောင်းအရာများစွာမှာ စိန့်ပီတာ စဘတ်မြို့ အထက်တန်းစားလူများအဖို့ ပြောစမှတ်ရလောက်အောင် ရှိခဲ့ပေ၏။ ရောင်စကီသည် စစ်ဗိုလ်မှူး အတတ်သင်ကျောင်းမှ အောင် မြင်ခဲ့၍ ၎င်းမြို့ရှိ ထိပ်ဆုံးတန်းသူများနှင့် ပေါင်းသင်းဆက်ဆံကာ ပျော်ရွှင်စွာ နေထိုင်ခဲ့ပြီးနောက် မော်စကိုမြို့သို့ စစ်တပ်နှင့် ပြောင်းရွှေ့ လာခဲ့ရသည်တွင် ကစ်တီတို့ အိမ်သူအိမ်သားနှင့် မိတ်ကျွမ်းတဝင် ဖြစ် ခဲ့လေ၏။

ရောင်စကီနှင့် ကစ်တီတို့သည် နေ့စဉ်နှင့်အမျှ တွေ့ဆုံကြ၍ ချစ်ကျွမ်းတဝင် ရှိကြသော်လည်း ရောင်စကီ၏ စိတ်၌ကား ကစ်တီ ဖြစ်စေ၊ အခြားမိန်းမတစ်ယောက်နှင့်ဖြစ်စေ အိမ်တော်ဘက်ပြုရန် စိတ် ကူးပေါက် မတူချေ။ တစ်စုံတစ်ယောက်သောသူက ကစ်တီသည် ၎င်းအား ချစ်ကြိုက်လျက်ရှိသောကြောင့် ရောင်စကီက ချစ်ကြိုက်စကားပြောဖို့ မျှော်လင့်နေပါသည်ဟု ရောင်စကီအား ပြောခဲ့လျှင် ရောင်စကီသည် ယုံကြည်လိမ့်မည် မဟုတ်ချေ။ မိမိက ရိုးရိုးတန်းတန်း ခင်မင်ခြင်းဖြစ် သောကြောင့် ကစ်တီကလည်း မိမိအပေါ်၌ ရိုးရိုးတန်းတန်း ခင်မင်ခြင်း ဖြစ်မည်ဟု ရောင်စကီ ယူဆလျက်ရှိ၏။

လီဗိုင်က ကစ်တီအား ချစ်ကြိုက်စကားပြောသော ညနေ၌ ရောင် စကီသည် ကစ်တီတို့အိမ်သို့ ရောက်လာသဖြင့် လီဗိုင်နှင့် ဆုံမိကြ၍ မိမိ၏ ပြိုင်ဘက်ဆိုသူမှာ ဤလူပင် ဖြစ်ချေသည်တကားဟု လီဗိုင် အောက်မေ့မိ၏။ ရောင်စကီ၏ အရည်အချင်းများကို မြင်ရခြင်းအားဖြင့် လည်း လီဗိုင်သည် မိမိ၏အဖို့ မျှော်လင့်ဖွယ်ရာမရှိဟု စဉ်းစားမိ၏။ သို့ဖြစ်ရာ ထိုညနေ၌ လီဗိုင်သည် မိမိ၏ကိစ္စ အရေးမလှသည့်ပြင် နောင်အဖို့တွင်လည်း မျှော်လင့်ဖွယ်မရှိဟု စိတ်ချယုံကြည်ပြီးလျှင် စကား

mgyoe.com

mgyoe.com


လက်စပြတ်သည်နှင့် တစ်ပြိုင်နက် ကစ်တီတို့ နေအိမ်မှ ထွက်လာခဲ့လေ၏။

ရောင်စကီမှာမူ လီဗိုင် ပြန်သွားပြီးနောက် ထိုနေအိမ်၌ အချိန်ကြာရှည်စွာနေခဲ့၍ အချိန်ကုန်သဖြင့် ထွက်လာသောအခါ၌လည်း ဟိုတယ်၊ ကလပ် အစရှိသော နေရာများသို့ မသွားတော့ဘဲ နေအိမ်သို့ ဖြောင့်တန်းစွာပြန်၍ အိပ်ခြင်းကို ထောက်ခြင်းအားဖြင့် ရောင်စကီသည် ကစ်တီကို ချစ်ကြိုက်သေးသည်မဟုတ်ဟု ဆိုစေကာမူ ကစ်တီတို့ အိမ်မှ တစ်ပါး အခြားသောနေရာများ၌ မပျော်ပိုက်နိုင်ဟူသော အဓိပ္ပာယ်မျိုးကား သက်ရောက်လျက်ရှိ၏။

[၄]

နောက်တစ်နေ့၌ ရောင်စကီသည် စိန့်ပီတာစဘတ်မြို့မှ ဆိုက်ရောက်လာမည့် မိခင်ကိုကြိုဆိုရန် ဘူတာရုံသို့သွားရာတွင် အစ်မဖြစ်သူ အင်နာကို ကြိုဆိုရန် လာရောက်သော စတီပင်နှင့် တွေ့ဆုံမိလေ၏။ ရောင်စကီနှင့်စတီပင်တို့သည် သိကျွမ်းပြီးမိတ်ဆွေများ ဖြစ်ကြသည့်အလျောက် မိမိတို့ လာရောက်သော ကိစ္စကို အသီးသီးပြောပြကြပြီးလျှင် စတီပင်က ယမန်နေ့ညနေက ကစ်တီတို့ နေအိမ်တွင် မိမိ၏သူငယ်ချင်း လီဗိုင်ကို တွေ့ခဲ့သည် မဟုတ်ပါလောဟု မေး၏။ တွေ့ခဲ့ပါကြောင်းနှင့် ရောင်စကီက ဝန်ခံသည်တွင် စတီပင်ကလီဗိုင်သည် မိမိ၏ခယ်မ ကစ်တီအား ချစ်ကြိုက်နေသည်မှာ ကြာလှပြီဖြစ်၍ ထိုနေ့က ဘူးရုံကွဲအောင် စုံစမ်းမေးမြန်းရန် အကြံအစည်နှင့် သွားရောက်ခြင်းဖြစ်ကြောင်း ပြော၏။

စတီပင်သည် ဤစကားကို ပြောရာ၌ ကစ်တီအပေါ်တွင် ရောင်စကီက မည်ကဲ့သို့ သဘောထားသည်ကို စုံစမ်းလိုသော အကြံနှင့်

mgyoe.com

mgyoe.com


ပြောလိုက်ခြင်း ဖြစ်သော်လည်း ရောင်စကီကမူ မည်သို့မျှ မျက်နှာထား ပြောင်းလဲခြင်းမရှိဘဲ 'သြော် ကျွန်တော်လည်း ထင်သားပဲ၊ ဟော မီး ရထားဝင်လာပြီ' ဟုပြော၍ လှုပ်လှုပ်ရှရှ ဖြစ်လာပြီးလျှင် လူချင်းကွဲ ကွာသွားကြလေ၏။

ရောင်စကီသည် ပထမတန်းတွဲ တစ်တွဲတွင် မိခင်ကို မြင်လိုက် သည်နှင့် ၄င်းတွဲသို့ ချဉ်းကပ်စဉ် အလွန်ချောမောသိုက်မြိုက်၍ ဣန္ဒြေ ကောင်းလှသော မိန်းမတစ်ယောက်သည် ၄င်းတွဲပေါ်မှ ဆင်းလာသည်နှင့် ရောင်စကီ နံဘေးသို့ တိမ်းရှောင်ပေးလိုက်၏။ ရောင်စကီသည် တစ်စုံ တစ်ခုသော အကြောင်းကြောင့် လှည့်ကြည့်သောစိတ် ဖြစ်ပေါ်သည်နှင့် ကြည့်လိုက်မိသည်တွင် တစ်ခဏမျှ မျက်လုံးချင်းဆုံမိကြ၏။

၄င်းနောက် ရောင်စကီလည်း တွဲထဲသို့ ဝင်သွား၍ မိန်းမတစ် ယောက်နှင့် အတူလိုက်ပါလာသော မိမိ၏ မိခင်နှင့် တွေ့သဖြင့် နှုတ် ဆက်လေ၏။ နောက်တစ်ခဏ၌ ထိုမိန်းမသည် တွဲပေါ်သို့ ပြန်တက်လာ ၍ မိခင်က 'ဘယ့်နှယ်လဲ၊ ရှင့်မောင်တွေ့ပြီလား' ဟု မေးလိုက်သည် တွင်မှ ရောင်စကီသည် စတီပင်၏အစ်မ အင်နာကရန်းနား ဖြစ်ကြောင်း သိရှိရလေ၏။ ဤတွင် ရောင်စကီသည် တွဲပေါ်မှခုန်ဆင်း၍ စတီပင်ကို လှမ်းခေါ်လိုက်ရာ စတီပင် ရောက်လာ၍ မောင်နှမနှစ်ယောက် နှုတ် ဆက်ကြလေ၏။

ထို့နောက် ခရီးသည် မိန်းမနှစ်ယောက်တို့သည် မိမိတို့အား အသီးသီး လာရောက်ကြိုဆိုသောလူနှင့် တွေ့ကြပြီဖြစ်၍ တစ်ယောက်နှင့် တစ်ယောက် နှုတ်ဆက်ကာ ခွဲခွာကြလေရာ သားအမိတစ်တွဲနှင့် မောင် နှမတစ်တွဲသည် ဘူတာရုံမှထွက်လာ၍ မိမိတို့ဆိုင်ရာ မြင်းရထားပေါ်သို့ တက်ကြလေ၏။

mgyoe.com

mgyoe.com


လမ်းခရီး၌ အင်နာက ရောင်စကီနှင့် သိကျွမ်းသည်မှာ အတော်ကြာလေပြီလောဟု စတီပင်အား မေးသဖြင့် စတီပင်က မကြာသေးကြောင်း ပြောပြီးလျှင် မိမိ၏ခယ်မ ကစ်တီနှင့် လက်ထပ်ဖို့ မျှော်လင့်နေကြသော သတို့သားသည်ကား ဤလူပင်ဖြစ်ကြောင်းနှင့် ပြောပြသေး၏။ ၎င်းနောက် မောင်နှမနှစ်ယောက်တို့သည် မိမိတို့၏ အိမ်တွင်းရေးကိစ္စများကို ဆက်လက်တိုင်ပင်ကြရာ စတီပင်သည် မိမိနှင့်ဆရာမတို့မှားယွင်းသဖြင့် မယား ဒေါ်လီက စိတ်ကောက်လျက်ရှိကြောင်းများကို အစ်မကြီးအား စုံလင်စွာပြောပြ၍ နေအိမ်သို့ ဆိုက်ရောက်သည်နှင့် တစ်ပြိုင်နက် အင်နာကို ထားခဲ့ပြီးလျှင် ရုံးသို့ထွက်သွားလေ၏။

[၅]

အင်နာကရနီနားသည် စတီပင်၏ နေအိမ်သို့ ရောက်လာခဲ့သည်တွင် ယောက်မ ဒေါ်လီသည် ပထမ၌ လင်ဖြစ်သူ စတီပင်အပေါ်၌ စိတ်ကောက်လျက် ရှိသည့်အတွက်ကြောင့် ယောက်မကိုလည်း ဧည့်မခံဘဲ ပစ်ထားမည်ဟု ကြံစည်မိ၏။ သို့ရာတွင် ယောက်မ အင်နာ၏ သဘောထားကြီး၍ မြင့်မြတ်ခြင်းနှင့် မိမိအပေါ်၌ မေတ္တာထားခဲ့ဖူးခြင်းတည်းဟူသော အခြင်းအရာများကို စဉ်းစားမိသည်နှင့် ဒေါ်လီသည် အင်နာအား ခရီးဦးကြို ပြုပြီးလျှင် စတီပင်၏ သစ္စာမရှိပုံ အဖြစ်အပျက်များကို တိုင်တန်းလေ၏။

နာ 'စတီပင် ဆိုးတာလည်း မှန်ပါတယ်၊ အစ်မကြီးက ကိုယ့်မောင်ကို ကာကွယ်ပြောလိုစိတ်ကလည်း မရှိပါဘူး။ ဒီအကြောင်းကြားရကတည်းက ညီမလေးအတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းတာလောက်ရှိတာပါပဲ၊ ညီမလေး စိတ်မဆိုးပါနဲ့လို့လည်း အစ်မကြီး မပြောပါဘူးနော်'

mgyoe.com

အင်နာလည်း ဒေါ်လီ၏ခါးကို ဖက်ထားလေရာ ဒေါ်လီလည်း ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

လီ 'ကျွန်မတို့ လင်မယားတော့ ဒီတစ်ခါ ပြတ်ကြပြီ အစ်မကြီး ရေ'

နာ 'နို့ အစ်မကြီးက ဘယ်လိုများလုပ်ပေးစေချင်သလဲ ညီမ လေး'

လီ 'ကျွန်မတော့ ကလေးနှစ်ယောက်နဲ့ ဒုက္ခပါပဲ အစ်မကြီး၊ ကလေးတွေနဲ့လည်း မခွဲနိုင်၊ သူနဲ့အတူနေလို့လည်း မဖြစ်၊ ဒုက္ခပါပဲ၊ အစ်မကြီးရယ်'

နာ 'မောင်လေးကလည်း ဒေါ်လီအတွက် အင်မတန် စိတ်ဒုက္ခ ရောက်နေပါတယ်။ သူပြုမိတာကိုလည်း သူ့ဟာသူမှားကြောင်း အစ်မ ကြီးကို ဝန်ခံပါတယ်'

လီ 'သူဒုက္ခရောက်ပေမယ့် သူ့အပြစ်နဲ့ သူခံရတာမို့ တော်သေး တယ် အစ်မကြီးရဲ့၊ ဘာအပြစ်မှမရှိတဲ့ ကျွန်မတို့ ဒုက္ခခံနေရလို့ ခက်တာ ပဲ အစ်မကြီးရယ်'

နာ 'အစ်မကြီး တစ်ခုပြောမယ်၊ ဒေါ်လီဟာ စတီပင်ကို ချစ် တယ်နော်'

လီ 'ချစ်ပါတယ် အစ်မကြီးရယ်၊ ခုလည်း မချစ်လို့တော့ မဟုတ်ပါ ဘူး၊ နာလွန်းလို့ပါ'

နာ 'ကောင်းပါပြီ၊ ဒေါ်လီ ချစ်တယ်ဆိုတာ ဘယ်လောက်အထိ ချစ်ပါသလဲ၊ သူ့အပြစ်ကို ခွင့်လွှတ်နိုင်သည်အထိ ချစ်ပါရဲ့လား၊ ဒီ လောက်အထိ ချစ်တယ်ဆိုရင်လည်း ဒီတစ်ကြိမ်တော့ ချမ်းသာပေးလိုက် ပါ ဒေါ်လီရယ်'

လီ 'ဒါတော့မရဘူး အစ်မကြီး၊ ကျွန်မကလွဲပြီး သူများကို ချစ်တာတော့ မခံနိုင်ဘူး'

mgyoe.com

mgyoe.com


နာ 'ဒီလိုပါ ဒေါ်လီ၊ စတီပင်လို လူမျိုးက မိန်းမတွေကို မှားယွင်းမိတာလည်း မှားယွင်းမိတာပေါ့၊ ဒါပေမယ့် ကိုယ့်မယားကလွဲပြီး တခြားမိန်းမတစ်ယောက်ကို ချစ်တယ်ဆိုတာတော့ ဒေါ်လီ မှားပါလိမ့်မယ်ထင်တယ်၊ မှားတဲ့အခါ မှားပေမယ့် ကိုယ့်မယားလောက်တော့ ဘယ်သူ့ကို ချစ်လိမ့်မှာလဲ ဒေါ်လီရယ်'

လီ 'အစ်မကြီးမောင်က ဟိုမိန်းမကို သိပ်ချစ်နေတာ အစ်မကြီးရဲ့'

နာ 'ဒီလိုရှိပါတယ် ဒေါ်လီ၊ စတီပင်နဲ့ဒေါ်လီ ချစ်ကြိုက်ကြတုန်းက စတီပင်ကလေ ဒေါ်လီ့ အကြောင်းချည်း ပြောနေတာပဲ၊ ဟိုနေရာဖြင့် ဒေါ်လီ၊ ဒီနေရာမှာလည်း ဒေါ်လီ၊ ဘယ်ဟာဖြစ်ဖြစ် ဘာလုပ်လုပ်သူ့ဒေါ်လီလုပ်မှ ဟုတ်တယ်ထင်တာပဲ၊ ဒေါ်လီ့လို မိန်းမမျိုး ဘယ်မှာမှမရှိဘူးတဲ့၊ အစ်မကြီးတို့ အိမ်သားတွေ ဒီတုန်းက သူ့ဝိုင်းရယ်နေကြသေးတယ်၊ ဒီမိန်းမကို သူယခုချစ်တယ်ဆိုတာ ဒီလို ဟုတ်နိုင်ပါ့မလား ဒေါ်လီရဲ့ တော်တော်ကြာတော့ ပြီးသွားမှာပါ ဒေါ်လီရဲ့'

လီ 'ခုပြီးတယ်ဆိုပေမယ့် တော်တော်ကြာ ပြန်ဆက်တော့ ဘယ့်နှယ့်လုပ်မလဲ အစ်မကြီးရဲ့'

နာ 'မဖြစ်နိုင်ပါဘူး ဒေါ်လီရယ်'

## [၆]

ထိုနေ့ညနေ၌ ကစ်တီသည် အစ်မဖြစ်သူ ဒေါ်လီနေအိမ်သို့ လာရောက်လည်ပတ်ရာတွင် အင်နာနှင့်တွေ့၍ မင်းနေပြည်ဖြစ်သော စိန့်ပီတာစဘတ်မြို့တော်ကြီးမှ မင်းကတော်ကြီးတစ်ယောက် ဆိုက်ရောက်လာသည်ဆိုသော်လည်း 'ဆိုင်းသံမကြား ဗုံသံမကြား' ရှိတော့သည်ဆို၍ အံ့ဩမိသေး၏။ ကစ်တီသည် အင်နာ၏ ချောမောလှပသော ရုပ်အဆင်း

mgyoe.com

mg.yoe.com


နှင့် ကတော်ကြီးပိပိ ခံ့ညားသိုက်မြိုက်စွာ အမူအရာကို တွေ့ရသဖြင့် မြင်လျှင်မြင်ချင်း ချစ်ခင်လေးစားမိ၏။ မိမိတွေ့ခဲ့ဖူးသော မိန်းမအပေါင်းတို့တွင် အင်နာသည် အထူးသဖြင့် ဣန္ဒြေရ၍ ကောက်ကျစ်စဉ်းလဲ နုဖွဲ့သောစိတ်ထားမျိုး ကင်းစင်လှသည်ဟု ကစ်တီ အောက်မေ့မိ၏။

ညစာ စားသောက်ကြပြီးနောက် ဒေါ်လီသည် တစ်ညနေလုံး စကားနည်းလျက်ရှိရာမှ အခြားအခန်းသို့ ကူးသွားရာတွင် အင်နာသည် ယောက်မဒေါ်လီကို နူးပြီးချော့ပြီးဖြစ်သည်နှင့် စတီပင်အား မျက်ရိပ်ပြလိုက်ရာ စတီပင်လည်း ဒေါ်လီ နောက်သို့ ထလိုက်သွားလေ၏။

၄င်းနောက် အင်နာနှင့် ကစ်တီတို့သည် ရှေ့အပတ်တွင် မိတ်ဆွေတစ်ဦး၏အိမ်၌ ကျင်းပမည်ဖြစ်သော ဘောလ်ဒန့်(စ) ကပွဲကြီးအကြောင်းကို ပြောဆိုလျက်ရှိကြရာ ကစ်တီမှာ ငယ်ရွယ်သူဖြစ်သည့်အလျောက် အားရပါးရ ချီးကျူးပြောဆိုလျက်ရှိ၏။

အင်နာက မျှော်လင့်ရန်ရှိသော လူများအဖို့မှာ သာ၍ပင် ပျော်ရွှင်ဖွယ်ကောင်းလိမ့်မည်ဟု စောင်းချိတ်ပြောလိုက်ရာတွင် ကစ်တီလည်း မျက်နှာနီမြန်းသွား၏။ ဆိုလိုရင်းမှာ ၄င်းကပွဲကြီးတွင် ရောင်စကီသည် ကစ်တီကို ချစ်ကြိုက်ကြောင်း ဖော်ထုတ်ပြောဆိုလိမ့်မည်ဟု မျှော်လင့်နေခြင်းပင် ဖြစ်လေသည်။

လီ 'ရှင်က ဘယ်ကကြားလို့လဲ'

နာ 'စတီပင်က ကစ်တီတို့ အကြောင်းတွေ ပြောပြီးပါပြီ၊ ရောင်စကီနဲ့လည်း တွေ့ခဲ့ရပါပြီ၊ သဘောကျစရာ လူကလေးပါပေပဲ'

လီ 'ရောင်စကီ အကြောင်းကို ဘယ်ကကြားသလဲရှင်'

နာ 'သူ့အမေကြီးနဲ့ မီးရထား အတူတူစီးခဲ့ရလို့ သူ့သားကောင်းကြောင်း တော်ကြောင်း၊ သတ္တိရှိကြောင်း ပြောလိုက်တာတွေ စုံလို့ပေါ့၊ မိခင်ဆိုတာ ဒီလိုချည်းပါပဲလို့ ပြောစရာတော့ ရှိတာပေါ့၊ သို့သော်

mgyoe.com

mgyoe.com


ဘူတာရုံမှာ ခဏကလေးတွေ့ခဲ့ရလို့ ရုပ်လက္ခဏာကို အကဲခတ်ရတော့လည်း သူ့အမေ ချီးမွမ်းရင်လည်း ချီးမွမ်းစရာပေပဲလို့ ဆိုလောက်ပါပေတယ်၊ သူ့အမေကြီးက သူ့အိမ်ကို လာလည်ပါဦးလို့ ဖိတ်သွားသေးတယ်၊ နက်ဖြန်လောက်တော့ သွားလည်ရဦးမယ်၊ ဩော်… ဒါနဲ့ ဒေါ်လီတို့ ကြာသားကောင်းပုံထောက်ရင်တော့ ပြန်ပေါင်းထုပ်ကြဖို့ သေချာတဲ့ အထိမ်းအမှတ်နဲ့ တူတာပဲ'

[၇]

အင်နာနှင့် ကစ်တီတို့သည် တူကလေး တူမလေးများနှင့် ကစားလျက်ရှိကြစဉ် ဒေါ်လီသည် အခန်းတစ်ပေါက်မှ ထွက်လာ၍ စတီပင်လည်း အခြားတစ်ပေါက်မှ ထွက်လာ၏။ အင်နာသည် မောင်နှင့်ယောက်မတို့ကို အကဲခတ်လျက်ရှိရာ ထူးခြားသော အမူအရာ မတွေ့ရသည်နှင့် မိမိမျှော်လင့်သည့်အတိုင်း ထမြောက်ပါလေ၏လောဟု စိုးရိမ်မကင်း ရှိနေသေး၏။ တစ်ခဏကြာသော် ဒေါ်လီက 'အစ်မကြီးအတွက်ပြင် ဆင်ထားတဲ့ အခန်းက အေးလွန်းပါတယ်၊ ကျွန်မ အခန်းနားကပ်နေတဲ့ အခန်းကို ပြောင်းပေးမှ ထင်ပါရဲ့' ဟု ပြောသဖြင့် အင်နာက ကိစ္စမရှိကြောင်း ပြော၏။

ပင် 'ဟုတ်သားပဲ အစ်မကြီး၊ ကျွန်တော် ရွှေ့ပေးမယ်လေ'

လီ 'တော်စမ်းပါ၊ မောင်ရွှေ့ပေးမယ်ဆိုတာက အစေခံနဲ့ လွှဲထားမှာပါ၊ ကျုပ်ကိုယ်တိုင် ရွှေ့ပေးပါမယ်'

ဤသည်ကို ထောက်သဖြင့် ပြန်ပေါင်းထုပ်ပြီးကြကြောင်း အင်နာ ရိပ်မိလေ၏။ ထို့နောက်၌မူကား စတီပင်မှာ တပြုံးပြုံးရှိနေတော့သည်ဖြစ်၍ အင်နာ၏ ခန့်မှန်းချက် ကိုက်ကြောင်း တွေ့ရလေ၏။

mgyoe.com

mgyoe.com


ငှင်းည ၁၀ နာရီ အချိန်ခန့်တွင် အိမ်သားတစ်စုတို့သည် စိန်ပီတာစဘတ်မြို့ရှိ မိတ်ဆွေတစ်ယောက်အကြောင်း စကားစပ်မိ၍ ပြောဆိုနေကြစဉ် အင်နာသည် မိမိ၏ ဓာတ်ပုံအယ်လ်ဘမ်တွင် ထိုသူ၏ ဓာတ်ပုံပါရှိသည်ကို သတိရသည်နှင့် ၎င်းအယ်လ်ဘမ်ကိုယူရန် မိမိ၏ အခန်းသို့ တက်လာခဲ့လေ၏။

လှေကားရင်းသို့ရောက်လျှင် အိမ်ရှေ့မှ ဧည့်သည်တစ်ယောက် ဆိုက်ရောက်လာသော ခေါင်းလောင်းသံကြားသည်နှင့် တန့်ရပ်နေစဉ် အစေခံသည် တံခါးကို ဖွင့်ပေးလိုက်သဖြင့် ဆိုက်ရောက်လာသော ဧည့်သည်မှာ ရောင်စကီ ဖြစ်ကြောင်း တွေ့မြင်ရလေ၏။ ဤတွင် အင်နာ၏ ရင်ထဲ၌ ဒိတ်ခနဲဖြစ်သွား၍ ဝမ်းမြောက်သကဲ့သို့ရှိသော စိတ်လည်း ဖြစ်မိ၏။ ရောင်စကီသည် အိမ်တွင်းသို့မဝင်ဘဲ အပေါက်ဝတွင် ရပ်လျက် အင်္ကျီအိတ်ထဲမှ ပစ္စည်းတစ်ခုကို နှိုက်၍စမ်းစဉ် အင်နာနှင့် မျက်လုံးချင်းဆိုင်မိကြသည်နှင့် ရောင်စကီမှာ မျက်နှာမထားတတ်အောင် ဖြစ်သွား၏။

အင်နာလည်း ထုံးစံအတိုင်း အနည်းငယ်ဦးညွှတ်၍ လှေကားမှ တက်သွားလေရာ စတီပင်က ရောင်စကီအား အိမ်ထဲသို့ဝင်ရန် ဖိတ်ခေါ်သော်လည်း ရောင်စကီက ငြင်းဆန်သည်ကို ကြားလိုက်ရ၏။

အင်နာသည် ဓာတ်ပုံအယ်လ်ဘမ်နှင့် အခန်းထဲသို့ ပြန်ဝင်လာသောအခါ ရောင်စကီမှာ ပြန်သွားပြီ ဖြစ်သည်။ ထိုသူသည် မော်စကို မြို့သို့ ဆိုက်ရောက်လာသော နာမည်ကျော်ပုဂ္ဂိုလ်တစ်ဦးအား နက်ဖြန် ဒင်နာကျွေးရန်ကို လာရောက် အကြောင်းကြားခြင်း ဖြစ်သည်ဟု စတီပင်က ပြောသဖြင့် အင်နာ သိလိုက်ရ၏။

ပင် 'ရောင်စကီ ဆိုတဲ့လူက တော်တော်ဆန်းတဲ့လူပဲ၊ အိမ်ထဲ ဝင်ပါဦးဆို ခေါ်လို့ကို မရဘူး'

mgyoe.com

mgyoe.com


ကစ်တီကမူ မိမိရှိနေသည့်အတွက် ရောင်စကီ မဝင်ဘဲနေသည်ဟု တွေးထင်မိသဖြင့် ရှက်တက်တက် ရှိနေလေ၏။

၎င်းနောက် ဓာတ်ပုံအယ်လ်ဘမ်ကို ကြည့်ကြ၍ ၎င်းကိစ္စပြီးသွားသောအခါ ရောင်စကီသည် အကြောင်းမလုံလောက်ဘဲ လှည့်ပြန်သွားခြင်းမှာ မည်သို့သော အကြောင်းကြောင့် ဖြစ်လေသည်ဟု အသီးသီးတို့က အနည်းနည်း တွေးတောလျက်ရှိကြရာ အင်နာကလည်း ထူးဆန်းလှသည်ဟု အောက်မေ့မိလေ၏။

[၈]

ဘောလ်ဒန့်(စ) ကပွဲကြီးည၌ ကစ်တီတို့ သားအမိနှစ်ယောက်သည် အစောကြီးဆိုက်ရောက်လာသော ဧည့်သည်များအနက်တွင် အပါအဝင်ဖြစ်လေရာ ကစ်တီသည် ၎င်းအခမ်းအနားအတွက် အထူးလှပစွာ ပြင်ဆင် ဝတ်စားလာခဲ့သည်ဖြစ်၍ နဂိုအားဖြင့် ချောမောလှယဉ် ချစ်ခင်ဖွယ်ကောင်းသော ရုပ်ကလေးမှာသာ၍ ချစ်ခင်ဖွယ်ကောင်းလှပေသည်။ ကစ်တီ၏စိတ်ထဲ၌ ဤညသည် မိမိအဖို့ အလွန်အရေးကြီးသော ညဖြစ်မည်ဟု မျှော်လင့်မိသည်အလျောက် ကိုယ်လုံးပေါ်မှန်ကြီးများတွင် မိမိ၏အရိပ်ကိုကြည့်ရင်း တပြုံးပြုံးနှင့် နှစ်သိမ့်ကျေနပ်လျက် ရှိ၏။

ကပွဲခန်းမသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် အခမ်းအနားမှူး ကော်ဆန်စကီ အမည်ရှိအရာရှိကြီးက ကစ်တီ၏လက်ကို ကိုင်ဆွဲကာ ကပွဲတွင် နှစ်ယောက်တွဲ၍ 'ဈေးဦးဖောက်'လိုက်ပြီးလျှင် ကစ်တီ၏ ခြေရုပ်ခြေသိမ်းနှင့် ကိုယ်ဟန်အနေအထားတို့မှာ အလွန်တရာ စည်းကိုက်ဝါးကိုက် ရှိကြောင်းနှင့် ချီးကျူးပြောဆိုလေ၏။ ထိုပုဂ္ဂိုလ်ကြီးမှာ ကပွဲအလုပ်တွင် အလွန်ကျွမ်းကျင်လှသည် ဖြစ်သောကြောင့် ထိုသူ၏ ချီးကျူး

mgyoe.com

mgyoe.com


ခြင်းခံရသည်မှာ ကစ်တီအဖို့၌ ဝမ်းမြောက်ဖွယ် အခြင်းအရာတစ်ခု ဖြစ်ပေ၏။

တစ်ချီ ကပြီးသည့်အဆုံး၌ ကစ်တီသည် မိတ်ဆွေများကို လှမ်းကြည့်လိုက်သည်တွင် စတီပင်နှင့် အင်နာ မောင်နှမအပြင် ရောင်စကီကိုလည်း မြင်လိုက်ရလေ၏။ သို့ဖြစ်၍ ကော်ဆန်စကီအား ထိုလူစုထံသို့ ပို့ရန် ကစ်တီက ပြောသည်နှင့် အနီးသို့ ချဉ်းကပ်လာကြသည်တွင် အင်နာမှာ ကတ္တီပါနက် ဝတ်စုံနှင့် ပုလဲလည်ဆွဲတို့အပြင် လက်ဝတ်လက်စား ဝတ်ဆင်မထားသော်လည်း ၎င်း၏ လုံးလုံးစက်စက်ရှိသော လက်မောင်းများနှင့် လှပသော လည်တိုင်တို့မှာ ပေါ်လွင်ထင်ရှားလျက် ရှိပေတော့၏။

ထိုအခါ ကော်ဆန်စကီက အင်နာနှင့် တစ်ချီတစ်ပွဲတွဲ၍ ကပါရမည့်အကြောင်း တောင်းခံသည်တွင် အင်နာက မကလိုကြောင်း ငြင်းဆန်မည်ပြုဆဲ၌ပင် ရောင်စကီလည်း ၎င်းတို့အနီးသို့ ချဉ်းကပ်လာလေ၏။ ဤတွင် အင်နာသည် ရောင်စကီ၏ အရိုအသေပြုကာ နှုတ်ဆက်ခြင်းကိုပင် မမြင်ချင်ပြု၍ ကော်ဆန်စကီသို့ လက်လှမ်းပေးလိုက်ပြီး ထိုလူကြီးနှင့် အတူတွဲ၍ ကလေတော့၏။

ကစ်တီသည် အင်နာ၏ အပြုအမူကို မြင်လိုက်ရသဖြင့် အံ့သြစွာဖြင့် ငေးကြည့်နေမိလေ၏။ ထိုအခါမှ ရောင်စကီသည် ကစ်တီထံချဉ်းကပ်၍ အတူတွဲကဖို့ တောင်းခံလေ၏။ ၎င်းတစ်ချီ ကပြီးသည်နောက် ရောင်စကီသည် ကစ်တီကို ၎င်း၏မိခင်ထံ ပြန်ပို့ထားလိုက်လေ၏။ 'ကော်တီလုံ'က နည်းတစ်မျိုးသည်ကား အပျို လူပျိုများအဖို့ အထူးစိတ်ဝင်စားကြသော ကနည်းမျိုးဖြစ်လေရာ ချစ်ကြိုက်ကြောင်းကို ဖွင့်ဟပြောပြဖို့ ချောင်းလျက်ရှိကြသော လူပျိုများသည် ၎င်းကပွဲ အချိန်တိုင်ရောက်မည်ကို စောင့်မျှော်နေကြ၏။ အကြောင်းမူကား ယင်းသို့ တွဲ

mgyoe.com


ကစဉ်အခိုက်တွင် ပြောချင်သော စကားကိုပြောရန် အခွင့်အသာဆုံးသော ကနည်းမျိုး ဖြစ်ပေသောကြောင့်တည်း။

ကစ်တီမှာလည်း အခြားသောအချိမျိုးတွင် မည်သူနှင့် တွဲကရသည်ဖြစ်စေ ကော်တီလုံ က,နည်းအချိန်တွင် ရောင်စကီနှင့် တွဲကဖို့ကိုသာ မျှော်လင့်လျက်ရှိ၏။ 'ကွာဒရီ' ကပွဲတစ်ချီ၌ ကစ်တီသည် စစ်ဗိုလ်ကလေးတစ်ယောက်နှင့် တွဲကလျက်ရှိစဉ် မိမိနှင့် မျက်နှာချင်းဆိုင် တွဲကလျက်ရှိသော ရောင်စကီနှင့် အင်နာတို့အတွဲကို မြင်ရသဖြင့် ငေးစိုက်လျက်ရှိ၏။

အင်နာ၏ မျက်နှာထားမှာ ခပ်စောစော အချိန်ကနှင့်မတူတော့ဘဲ အောင်ပန်းကို ဆွတ်ခူးရသော လူတစ်ယောက်ကဲ့သို့ ကြည်ရွှင်ခြင်း၊ ဂုဏ်မငြိမ်ခြင်း အစရှိသော အခြင်းအရာများကို တွေ့မြင်ရ၏။ နှစ်ယောက်တွဲလျက် ကကြစဉ် ရောင်စကီက စကားတစ်ခွန်း ပြောလိုက်သည့်အခါတိုင်း အင်နာ၏မျက်နှာသည် ရေတွေ့သော ပန်းကဲ့သို့ လန်းခနဲလက်ခနဲ ဖြစ်သွားသည်ဟု ကစ်တီ မှတ်ထင်မိ၏။

၄င်းနောက် ကစ်တီသည် ရောင်စကီ၏ မျက်နှာကို ကြည့်မိပြန်ရာ သူ၏မျက်နှာသည်လည်း အင်နာ၏ မျက်နှာကဲ့သို့ပင် ရွှင်လျက်ရှိသည်ကို တွေ့ရ၏။ ကစ်တီ၏ ရင်ထဲ၌ကား ရေခွေးအိုး ဆူပွက်လျက်ရှိခဲ့လေပြီ။

'ကွာဒရီ'ကနည်း ပြီးစီးသည်နောက် အလွန်အရေးကြီးသော 'ကော်တီလုံ' ကပွဲအတွက် ပြင်ဆင်လျက်ရှိကြရာ အတွဲများလည်း ကိုယ့်လူနှင့်ကိုယ် စီစဉ်လျက်ရှိကြ၏။ ကစ်တီမှာ 'ကော်တီလုံ' ကပွဲအတွက် အခြားယောက်ျားကလေးများက တွဲပါရစေဟု တောင်းခံကြသော်လည်း ရောင်စကီကို မျှော်လင့်မိသည့်အတွက် မည်သူ့ကိုမျှ လက်မခံဘဲ ငြင်းပယ်ခဲ့ရာ ယခုမှာ အချိန်နီးသော်လည်း ရောင်စကီက

mgyoe.com

mgyoe.com


မိမိထံတောင်းခံခြင်း မပြုသေးသဖြင့် ကစ်တီမှာ တွဲဖက်မရှိတော့ဘဲ ဖြစ်နေတော့၏။ ဤအခြင်းအရာသည် မိမိ၏ မျှော်လင့်ချက် မပြည့်စုံခြင်းကို အပထား၍ မိန်းကလေးတစ်ဦးတစ်ယောက်အတွက် ရှက်ဖွယ်ရာတစ်ခုဖြစ်နေပေရကား ကစ်တီသည် အလွန်စိတ်ပျက်စွာနှင့် အဝတ်လဲသော အခန်းတစ်ခန်းသို့ ဝင်ပြီးလျှင် ဆိုဖာပေါ်တွင် ပစ်လှဲလိုက်လေ၏။

ထိုအခါ မိန်းမကြီးတစ်ယောက်သည် အခန်းအတွင်းသို့ ဝင်လာ၍ တွဲဖက်မရှိဘဲ လစ်လပ်နေသော ကစ်တီကို သနားသည်နှင့် ကော်ဆန်စကီအား အဖြစ်အပျက်ကို ပြောပြပြီးလျှင် ၄င်းနှင့်တွဲကဖို့ တောင်းခံရန် တိုက်တွန်းလေ၏။

သို့ဖြစ်၍ ကစ်တီသည် ကော်တီလုံကပွဲတွင် ကော်ဆန်စကီနှင့် တွဲဖက်ယှဉ်ကရလေရာ ၄င်းအချိုးတွင်လည်း ကစ်တီမှာ ရောင်စကီနှင့် အင်နာတို့ အတွဲနှင့် မျက်နှာချင်းဆိုင် ဆုံမိနေပြန်လေ၏။ ကစ်တီသည် ၄င်းတို့နှစ်ယောက်ကို အကဲခတ်လျက်ရှိစဉ် အင်နာ၏ မျက်နှာရွှင်ပျတိုင်း ရောင်စကီက ရွှင်ပျ၍ အင်နာ ညှိုးငယ်တိုင်း ရောင်စကီက ညှိုးငယ်သွားသော အခြင်းအရာကို တွေ့ရလေ၏။

၄င်းအချိုး ပြီးစီးသောအခါ ကစ်တီနှင့် အင်နာတို့သည် တစ်နေရာ၌ မျက်နှာချင်းဆိုင် ဆုံမိကြလေရာ ကစ်တီ၏ ညှိုးငယ်သော မျက်နှာကို အင်နာ မြင်ရသည်နှင့် တစ်ပြိုင်နက် မျက်နှာလွှဲလျက် အနီးရှိမိန်းမတစ်ယောက်ဘက်သို့ လှည့်ကာ စကားပြောနေလေ၏။ ကပွဲအဆုံး၌ ကျွေးမွေးသော ဆပ်ပါး (ညလယ်စာ) ကို မစားတော့ဘဲ အင်နာသည် မိတ်ဆွေများကို နှုတ်ဆက်၍ ကပွဲမှ ထွက်သွားလေ၏။

အပေါက်ဝတွင် အင်နာသည် ရောင်စကီနှင့်တွေ့၍ ရောင်စကီက 'နက်ဖြန် တကယ်ပြန်ဖြစ်မှာလား ခင်ဗျာ' ဟုမေးရာ 'ပြန်ဖြစ်ပါတယ်' ဟု အင်နာက ပြန်ဖြေ၍ ကတိုက်ကရိုက် ထွက်လာခဲ့လေ၏။

mgyoe.com

mgyoe.com


[၉]

ကပွဲပြီးသည့် နောက်တစ်နေ့ နံနက်တွင် အင်နာသည် စိန်ပီတာစဘတ်မြို့၌ရှိသော မိမိ၏ လင်ယောကျ်ားထံသို့ မိမိပြန်လာခဲ့မည့်အကြောင်းကို ကြေးနန်းရိုက်ကြားလိုက်၏။ မောင်ဖြစ်သူ စတီပင်သည်လည်း ဘူတာရုံသို့ လိုက်ပို့စဉ် ကျေးဇူးရှင် အစ်မကြီး၏ စေ့စပ်ပေးမှုကြောင့် ဒေါလီ အမျက်ပြေ၍ လင်မယား ပြန်ပေါင်းထုပ်ရသည့်အကြောင်းများကို ပြောဆိုလိုက်သေး၏။

အင်နာသည် မီးရထားတွဲပေါ်သို့တက်၍ နေရာတကျ ထိုင်မိသဖြင့် မီးရထားထွက်သည်နှင့် တစ်ပြိုင်နက် 'ကိုင်း လွတ်ပေ ကျွတ်ပေပြီ၊ နက်ဖြန်ဆိုရင် သားကလေးနဲ့ လင်ကောင်း မောင်မင်းတို့ မျက်နှာကို မြင်ရလို့မို့ အေးအေးဆေးဆေး နေရပေတော့မယ်' ဟု စိတ်ထဲ၌ အောက်မေ့မိ၏။

မီးရထားပေါ်၌ အင်နာသည် မော်စကိုမြို့တွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်ပြောင်းစဉ်းစားမိသည်တွင် စိတ်နှလုံး သာယာခြင်း ဖြစ်မိသော်လည်း မိမိ၏ စိတ်ကူးကို ရပ်တန်းမှရပ်ထား၍ ဝတ္ထုစာအုပ်တစ်အုပ်ကို ဖွင့်ပြီးလျှင် အိပ်မပျော်မချင်း စာဖတ်မည်ဟု ပြင်ဆင်လေ၏။

ထိုညှ၌ မီးရထားသည် ဘူတာတစ်ခု၌ ဆိုက်လျက်ရှိစဉ် ရထားထဲတွင် လေလုံလွန်းသဖြင့် အိုက်လှသည်နှင့် မီးရထားအမှုထမ်း တစ်ယောက်အား မည်မျှလောက်ကြာအောင် ရပ်ဆိုင်းမည်နည်းဟုမေးရာ အမှုထမ်းက ၁၀ မိနစ်ခန့် ရပ်တန့်လိမ့်မည်ဟု ပြောသဖြင့် အင်နာသည် ပလက်ဖောင်းပေါ်၌ စကြံလျှောက်မည် အကြံနှင့် မီးရထားပေါ်မှ ဆင်းလာလေ၏။ ခရီးသည်များသည် ပလက်ဖောင်းပေါ်၌ ရှုပ်ယှက်ခတ်

mgyoe.com

mgyoe.com


သွားလာလျက်ရှိရာ စစ်ဝတ်ရုံကြီးကို ဝတ်ထားသော လူတစ်ယောက်သည် အင်နာ အနီးသို့ ချဉ်းကပ်လာသည်နှင့် တစ်ပြိုင်နက် ရောင်စကီဖြစ်ကြောင်းကို ရိပ်မိလေ၏။

ရောင်စကီသည် ဦးထုပ်ကို မြှောက်ပြလျက် မိမိဆောင်ရွက်ပေးနိုင်သော အလုပ်ကိစ္စ တစ်စုံတစ်ခု ရှိပါသလောဟု ရိုသေသော အသံဖြင့်မေးမြန်းရာ အင်နာသည် ရုတ်တရက် အဖြေမပေးနိုင်ဘဲ ရောင်စကီကို ခဏတာမျှ စိုက်ငေးကြည့်နေမိစဉ် ဝမ်းသာသောစိတ် ဖြစ်ပေါ်လာမိ၏။ ရောင်စကီအား အဘယ့်ကြောင့် ဤနေရာသို့ ရောက်နေရပါသနည်းဟု မေးခဲ့လျှင် ရောင်စကီ ဖြေဆိုရမည့်စကားကို သိပြီးဖြစ်သဖြင့် မေးဖို့မလိုတော့ချေ။

နာ (ဝမ်းသာသော အမူအရာမျိုး မဖော်ပြဘဲ)

'စိန်ပီတာဘတ်မြို့ကို ရှင်လာလိမ့်မယ်လို့ ကျွန်မ မသိရပါလား၊ ဘာကြောင့်လဲရှင်'

ကီ 'ခင်ဗျား ရှိတဲ့နေရာမှာ ကျွန်တော် ရှိလိမ့်မယ်ဆိုတာ သိတဲ့အတိုင်းပါပဲ'

အင်နာသည်ကား တစ်ခွန်းမျှ တုံ့ပြန်၍ မပြောသော်လည်း စိတ်ထဲ၌ တုန်လှုပ်ချောက်ချားလျက်ရှိသော အဖြစ်ကို ရောင်စကီ ရိပ်မိ၏။

ကီ 'ကျွန်တော် ပြောလိုက်တဲ့စကားကို သဘောမကျလို့ရှိရင်လည်း ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျား'

နာ 'ရှင်ပြောလိုက်တဲ့စကားဟာ စင်စစ် မလျော်ကန်ပါဘူး၊ သိက္ခာသမာဓိရှိတဲ့ လူတစ်ယောက်ပီပီ ပြောမိတဲ့စကားကို မေ့ဖျောက်ပစ်သင့်ပါတယ်၊ ကျွန်မကလည်း မေ့ဖျောက်ပစ်ပါ့မယ်'

ကီ 'ပြောမိတဲ့စကားကိုလည်း မမေ့နိုင်ဘူး။ ခင်ဗျားကိုလည်း ကျွန်တော် မမေ့နိုင်ဘူး၊ ဘာကြောင့်…'

mgyoe.com

mgyoe.com


နာ (မျက်နှာထားတင်းတင်းနှင့်) 'တန်ပါရှင်၊ တန်ပါ' ဟုပြော၍ မိမိ၏ တွဲထဲသို့ ဝင်သွားလေ၏။

မီးရထားသည် ဆက်လက်ခုတ်မောင်းသွားသောအခါ အင်နာမှာ အိပ်ပျော်ရန် မဖြစ်နိုင်တော့ချေ။ စိတ်ထဲ၌ ဝမ်းလည်းသာ၏။ ဒုက္ခလည်း ဖြစ်၏။ နံနက်လင်းလုနီးသောအခါမှ မှေးခနဲ အိပ်ပျော်သွားလေတော့၏။

နံနက်လင်း၍ စိန့်ပီတာစဘတ် ဘူတာရုံသို့ မီးရထားဝင်လာသည်တွင် အင်နာသည် အိပ်ရာမှနိုးလာ၍ လင်နှင့်သားကလေးကို ရှေးဦးစွာ သတိရမိ၏။ မီးရထားဆိုက်၍ ဘူတာရုံအဝမှ ကြိုဆိုလျက်ရှိသော ခင်ပွန်းသည်၏ မျက်နှာကို မြင်လိုက်ရသောအခါ အင်နာ၏ စိတ်ထဲတွင် တစ်မျိုးတစ်မည် ဖြစ်သွားမိ၏။ ကရေနီနား၏ မျက်နှာမှာ ခံ့ညားသော ဣန္ဒြေရှိသော်လည်း အေးစက်စက် ရှိလှ၏။

ကရေနီနားသည် အင်နာနှင့် မျက်နှာချင်းဆိုင်မိ၍ 'ဝတ္တရားကျေတဲ့ လင်ယောကျ်ား တစ်ယောက်ပါဗျာ၊ ပြန်လာတယ်ဆို လာကြိုတယ်၊ သွားတယ်ဆို လွမ်းကျန်ရစ်တယ်' ဟု ပြောလိုက်သော်လည်း ၎င်း၏ မျက်နှာထားမှာ ပြုံးစိစိရှိနေသဖြင့် လှောင်ပြောင်သော အဓိပ္ပာယ်မျိုး ရှိသည်ဟု ယူဆရန်ရှိ၏။ အင်နာသည် ကရေနီနား၏ ပြောင်လှောင်ခြင်းကို အမှတ်မထားဘဲ...

နာ 'သားကလေးကော၊ ဘယ့်နှယ်လဲ'

နီ 'အဲ့ဒီလို လုပ်တယ်လို့ပြော၊ လူတစ်ဖက်သား စိတ်ပျက်အောင် မလုပ်ပါနဲ့ဆို သားကလေး မာပါတယ်ဗျာ၊ သိပ်မာပါတယ်'

ထိုခဏ၌ ရောင်စကီသည် အင်နာ အနီးသို့ ချဉ်းကပ်လာလေရာ ယမန်ညဥ့်က ဘူတာရုံတစ်ခုတွင် တစ်ခဏတာမျှ တွေ့လိုက်ရကတည်းက ရောင်စကီသည် အင်နာ၏ အတွင်းသဘောကို အကဲခတ်နိုင်ခဲ့လေ

mgyoe.com

ပြီ။ သို့ရာတွင် ရောင်စကီသည် အင်နာနှင့် အတူတူရပ်လျက်ရှိသော လင်ယောကျ်ားကို မြင်လိုက်ရသဖြင့် စိတ်ထဲ၌ တစ်မျိုးဖြစ်သွား၏။ မူလကတည်းက အင်နာမှာ လွတ်လပ်သော မိန်းမတစ်ယောက် မဟုတ်ကြောင်းကို ရောင်စကီ သိသော်လည်း လင်ယောကျ်ားအကြောင်းကို လုံးဝထည့်သွင်း စဉ်းစားခြင်း မပြုခဲ့မိသည်ဖြစ်၍ ယခုကဲ့သို့ မျက်နှာစုံညီ တွေ့မြင်ရသောအခါတွင် စိတ်ထဲ၌ တစ်မျိုးတစ်မည် ဖြစ်ရလေတော့သည်။ သို့သော် အင်နာ၏ မျက်နှာကို မြင်ရခြင်းအားဖြင့် 'သူ့ယောကျ်ားကို တကယ်မချစ်ဘူး' ဟု ရောင်စကီ ဆုံးဖြတ်နိုင်၏။

ကီ 'ညက ကောင်းကောင်းအိပ်နိုင်ပါ၏ ခင်ဗျာ'

နာ 'ဟုတ်ကဲ့ရှင်၊ အိပ်နိုင်ပါတယ်'

ဌင်းနောက် အင်နာသည် ကရေနီနားနှင့် ရောင်စကီတို့ကို ထုံးစံအတိုင်း မိတ်ဆက်ပေးရာ ကရေနီနားသည် များစွာစိတ်ဝင်စားခြင်း ရှိဟန်မတူဘဲ ပြန်ဖို့လောက်သာ စိတ်ကူးလျက်ရှိ၏။ သို့ဖြစ်၍ ထုံးစံအတိုင်း လက်ဆွဲ နှုတ်ဆက်ရင်း...

နီ (စိတ်မပါတပါနှင့်) 'ကျွန်တော်တို့ အရင်က တွေ့ဖူးကြမှတ်ပါတယ်၊ အင်နာတို့များ သိပ်ကံကောင်းတာပဲ၊ အသွားတုန်းက အမေနဲ့၊ ပြန်လာတော့ သားနဲ့အဖော်လုပ်လာရလို့ သိပ်နေရာကျတာပဲ၊ မိတ်ဆွေက အခွင့်နဲ့နေတာ ထင်ပါလား' ဟုပြော၍ ရောင်စကီ၏ အဖြေကိုပင် မစောင့်တော့ဘဲ မယားအင်နာဘက်သို့လှည့်ပြီးလျှင် အသေးအဖွဲ စကားတစ်ခုကို ဆက်လက်ပြောလိုက်လေ၏။

ရောင်စကီလည်း မိမိအား အသိမလုပ်လိုကြောင်း ရိပ်မိသည်နှင့် ထွက်လာတော့မည်ဟု အင်နာဘက်သို့လှည့်၍ 'တစ်ခါလောက်တော့ ကျွန်တော် လာလည်ပါဦးမယ်' ဟု ပြောလိုက်ရာ အင်နာ အဖြေမပေးမီ

mgyoe.com


ကရင်နီနားက 'ကြွခဲ့ပါခင်ဗျာ၊ တနင်္လာနေ့တိုင်း ကျွန်တော်တို့ ညွှေ့ခံပါတယ်'ဟု ဝတ်ကျေဝတ်ကုန် ဖိတ်ခေါ်လိုက်လေ၏။

[၁၀]

နေအိမ်သို့ ဆိုက်ရောက်ကြသည်နှင့် တစ်ပြိုင်နက် သားကလေး ဆတ်(ဂျ)သည် ခုန်ပေါက်ပြေးဆင်းလာ၍ မိခင်၏ လည်ပင်းကိုဖက်ပြီးလျှင် 'ခေါင်းလောင်းသံ ကြားလိုက်ကတည်းက မာမီ ပြန်လာပြီလို့ အနော် သိပါတယ်ဗျာ' ဟု အထိန်းဘက်သို့လှည့်၍ ပြောလေ၏။

အင်နာမှာ သားကလေးကို တွေ့မြင်လိုက်ရသော အခါ၌လည်း လင်ယောကျ်ားကို မြင်လိုက်ရစဉ်ကကဲ့သို့ စိတ်ထဲ၌ မကျေမနပ် ဖြစ်မိ၏။ သားကလေးမှာကား ကလေးချောကလေးတစ်ယောက် ဖြစ်ပေ၏။ သို့ပါသော်လည်း အင်နာသည် ၄င်းစိတ်ကို ချိုးနှိမ်၍ သားကလေး အတွက် ပေးလိုက်ကြသော လက်ဆောင်များကို ထုတ်ပေးရင်း စတီပင်၏ သားသမီးများအကြောင်းကို သားငယ်အား ပြောပြလေ၏။

'သူတို့က အနော့်ထက် ကောင်းသလား မာမီ'

'မာမီ့ စိတ်ထဲမှာတော့ လူကလေးထက် ဘယ်သူမှ မကောင်းနိုင်ဘူးပေါ့ သားရယ်'

'နော်လည်း သိသားပဲ'

ထိုနေ့ညနေ၌ ကရင်နီနားသည် ဂါဗာနာ အရာရှိတစ်ယောက်ဖြစ်သည့်အလျောက် ဝန်ကြီးများအစည်းအဝေးမှ ပြန်လာ၍ အလုပ်ဝတ္တရားများကို အလုပ်ခန်းထဲ၌ ဆောင်ရွက်ပြီးမှ ဧည့်ခန်းသို့ ထွက်လာပြီးလျှင် ညစာစားရန် ဖိတ်ထားသော ဧည့်သည်များနှင့် ဝိုင်းဖွဲ့ကာ စကားပြောလျက်ရှိ၏။ ညနေစာ စားသောက်ကြပြီးနောက် ဧည့်သည်များ ပြန်သွားကြ၍ ကရင်နီနားသည် ကောင်စီအစည်းအဝေးတက်ရန် ထွက်သွားပြန်လေ

mgyoe.com

mgyoe.com


ရာ အင်နာသည် ရှေးကကဲ့သို့ ဇာတ်ပွဲများမသွားတော့ဘဲ သားကလေးနှင့် အတူ ကစားလျက် သားမောင် အိပ်ပျော်သွားသောအခါမှ ထွက်လာခဲ့လေ၏။

၉ နာရီခွဲ အချိန်တွင် ကရုနီနား ပြန်ရောက်လာ၍ လင်မယားနှစ်ယောက်တို့သည် ဧည့်ခန်းထဲ၌ ဆုံမိကြလေရာ ကရုနီနားသည် ကြင်နာသော အထိမ်းအမှတ်ဖြင့် အင်နာ၏ လက်တို့ကိုဆွဲယူ၍ နှုတ်ခမ်းဖြင့် ထိတို့လေ၏။ ၎င်းနောက် မော်စကို၌ ကြုံတွေ့ခဲ့ရသော အခြင်းအရာများကို အင်နာကပြန်ပြောရင်း စတီပင် လင်မယားတို့ ပြန်ပေါင်းထုပ်မိအောင် စေ့စပ်ပေးခဲ့ရပုံများကိုလည်း ပြောပြလေ၏။

နီ 'ကိုယ့်ယောက်ဖတော့ မှန်ပါတယ်၊ နို့ပေမဲ့ ဒီလူလုပ်ပုံကို ကျုပ်တော့ လုံးဝသဘောမကျဘူး အင်နာ'

ဤလူသည်ကား ကိုယ်တိုင်လည်း အပြစ်ကင်းအောင်နေ၍ သူတစ်ပါးတို့၏ အပြစ်ကိုလည်း ချမ်းသာမပေးတတ်သော ဝါသနာရှိကြောင်းကို အင်နာ စဉ်းစားမိသည်နှင့် ပြုံးမိ၏။ အင်နာသည် လင်ယောကျ်ား၏ တည့်မတ်ဖြူစင်သော စိတ်သဘောကို ကြည်ညိုလေးစားခြင်းလည်း ရှိပါ၏။

နီ 'ဒါပေမဲ့ အင်နာက စေ့စပ်ပေးလို့ သူတို့လင်မယား သင့်မြတ်သွားကြတယ် ဆိုတာလည်း ဝမ်းသာပါတယ်၊ သြော် ဒါထက် အင်နာ ဒီကနေ့ည အပြင်မထွက်ချင်တော့ဘူးလား'

နာ 'မထွက်ချင်တော့ဘူးရှင်'

သို့ဖြစ်၍ ကရုနီနားသည် စာကြည့်ခန်းသို့ ဝင်တော့မည်ပြုလေရာ အင်နာသည် လင်ယောကျ်ား၏ လက်ကိုကိုင်ကာ စာကြည့်ခန်းဝသို့ ရောက်အောင် လိုက်ပို့ပြီးမှ 'ကျွန်မလည်း ကောင်းမွန်စွာ ပြန်ရောက်ကြောင်းကို စတီပင်တို့ဆီ စာရေးရဦးမယ်' ဟုဆိုကာ ခွဲခွာလာခဲ့လေ၏။

mgyoe.com

မိမိအခန်းသို့ ပြန်လာစဉ် 'လူရိုး လူကောင်းကြီးတစ်ယောက်၊ သစ္စာရှိတဲ့ လူကြီးတစ်ယောက်ပါပေပဲ' ဟု အင်နာ၏ စိတ်ထဲ၌ ဖြစ်ပေါ်လာသော်လည်း ၄င်း၏မျက်နှာမှာ မော်စကိုမြို့ ကပွဲမှာကဲ့သို့ ကြည်လင်ရွှင်ပျသော အခြင်းအရာများ လုံးဝမရှိခဲ့ချေ။

[၁၁]

ကစ်တီ ချာဘက်စကီမှာ စိတ္တဇရောဂါဖြင့် မကျန်းမမာရှိလေရာ ဆရာဝန်များက ဤရောဂါမျိုးအတွက်မှာ ခရီးလှည့်လည်ခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ထွက်ဆိုသည့်အလျောက် သားအဖ သုံးယောက်တို့သည် နိုင်ငံခြားသို့ ခရီးထွက်ကြလေ၏။

စိန့်ပီတာစဘတ်မြို့၌ အထက်တန်းစား မြို့သူမြို့သားများတို့ သုံးပိုင်းပိုင်း ခွဲခြားနားသင့်၏။ လူသုံးစားရှိရာ ပထမပိုင်းတွင် အရာရှိများနှင့် မှူးကြီးမတ်ကြီးများ ပါဝင်ကြ၍ ဒုတိယအပိုင်းတွင် ပညာနှင့် ပတ်သက်၍ ထင်ရှားကျော်စောသော ပုဂ္ဂိုလ်များနှင့် လူကုံထံပိုင်းမှ မိန်းမကြီးများ ပါဝင်ကြ၏။ တတိယအပိုင်းမှ လူများမှုကား ဘောလ်ဒန့်(စ) ကပွဲများ၊ ဒင်းနားပါတီများ မြင်းပွဲများမှစ၍ ပျော်မှုပါးမှု သက်သက်လိုက်စားသူတို့ ဖြစ်ကြလေသည်။

ရှေးယခင်အခါများကမူ အင်နာသည် တတိယအပိုင်းမှ လူများကို တတ်နိုင်သမျှ ရှောင်ကွင်း၍ မလွှဲမရှောင်သာသော အခါများတွင်မှ အပါအဝင်ပြုခဲ့၏။ မော်စကိုမြို့မှ ပြန်လာသော အချိန်မှစ၍မူကား အင်နာသည် လူပျော်ပိုင်းမှ လူစုနှင့် အများဆုံး ပေါင်းသင်းဆက်ဆံခဲ့သည်ဖြစ်၍ ရောင်စကီနှင့် တွေ့ဆုံရခြင်းတည်းဟူသော ဒုက္ခနှင့် ရောယှက်သည့် ပျော်ရွှင်မှုအရသာကို ခံစားလျက်ရှိ၏။ အဆိုပါ လူပျော်ပိုင်း

mgyoe.com

mgyoe.com


ဟု ခေါ်ဆိုအပ်သော အစုအအုပ်တွင် မင်းသမီးကြီး ဘက်(တ)ဆီသည် ခေါင်သူကြီးဖြစ်လေရာ မိန်းမကြီးမှာ ရောင်စကီနှင့် ဆွေမျိုးတော်စပ်သည်ဖြစ်၍ အင်နာနှင့် ရောင်စကီတို့သည် မင်းသမီးကြီး၏ အိမ်တော်တွင် မကြာခဏ တွေ့ဆုံခွင့်ရကြ၏။

ယင်းတွေ့ဆုံကြသည့်အခါတိုင်း ရောင်စကီသည် ချစ်ကြိုက်ကြောင်းကို ဖွင့်ဟပြောဆိုသော်လည်း အင်နာကမူ အဖြေလည်းမပေး၊ အားပေးအားမြှောက်လည်း မပြုခဲ့ချေ။ သို့ပါသော်လည်း အင်နာမှာ ရောင်စကီနှင့် တွေ့ဆုံရသည့်အခါတိုင်း စိတ်ထဲ၌ ပီတိသောမနဿဖြစ်သော အခြင်းအရာကို ချုပ်တည်းရန်လည်း မတတ်နိုင်၊ ကွယ်ဝှက်ရန်လည်း မတတ်နိုင်ဘဲ ရှိခဲ့၏။ ပထမ၌ အင်နာသည် ရောင်စကီနှင့် တွေ့သည့်အခါတိုင်း စိတ်ဆင်းရဲရသည်ဟု မိမိကိုယ်မိမိ လှည့်စားသေး၏။ သို့ရာတွင် တစ်နေ့သောအခါဝယ် အင်နာသည် ရောင်စကီကို တစ်ခုသောအိမ်၌ တွေ့ရလိမ့်မည်ဟု ထင်မှတ်ပြီးမှ ရောင်စကီ မပေါ်လာသဖြင့် မတွေ့ရသောအခါတွင် စိတ်ညှိုးငယ်ခြင်း ဖြစ်လေရကား မိမိကိုယ်မိမိ လှည့်စားရန် မဖြစ်နိုင်ဘဲ ရောင်စကီကို မမြင်မတွေ့ရလျှင် မနေနိုင်ကြောင်း ဝန်ခံရလေတော့၏။

တစ်ညသသ၌ လူပျော်ပိုင်းမှ လူစုသည် မင်းသမီးကြီးဘက်(တ)ဆီ၏ နေအိမ်သို့ မြင်းရထားများဖြင့် တစ်သုတ်ပြီးတစ်သုတ် ဆိုက်ရောက်လာကြရာ ရောင်စကီနှင့် ဘက်(တ)ဆီသို့ မတ်တပ်ရပ်ပြီး စကားပြောနေကြသော နေရာသို့ အင်နာရောက်လာ၍ မင်းသမီးကြီးကို နှုတ်ဆက်ပြီးလျှင် ရောင်စကီဘက်သို့လှည့်လျက်–

နာ 'မော်စကိုက စာတစ်စောင် ရတယ်၊ ကစ်တီ တစ်ယောက် မကျန်းမာဘူး ဆိုပါကလား'

ကီ (ကျွန်ုပ်ကြီးနှင့်) 'ဟုတ်ကဲ့လား ခင်ဗျာ'

mgyoe.com

mgyoe.com


နာ 'ကစ်တီ နေမကောင်းတဲ့အတွက် ရှင်စိတ်မှာ ဘယ့်နှယ်မှ မရှိဘူးလား'

ကီ 'ဝမ်းနည်းပြီးလား ခင်ဗျာ၊ မကျန်းမာပုံက ဘယ်လိုဖြစ်ဘာတဲ့လဲ'

အင်နာသည် အဖြေမပေးဘဲ ဘတ်(တ)ဆီ အနားသို့ ချဉ်းကပ်၍ လက်ဖက်ရည်တစ်ခွက် တောင်းလေရာ ရောင်စကီလည်း အင်နာရှိရာသို့ လိုက်လာ၍

ကီ 'ဘယ်လိုများ စာရလို့လဲ ခင်ဗျာ'

နာ 'ယောကျ်ားများရဲ့ မြင့်မြတ်တဲ့ အပြုအမူဆိုတာ ဘာမှအဓိပ္ပာယ် မရှိဘူးလို့ ရှင့်ကို ကျွန်မ ပြောချင်နေတာ ကြာလှပြီ'

ကီ 'ကျွန်တော် ကောင်းကောင်း နားမလည်ပေါင် ခင်ဗျာ'

၄င်းတို့အနီးတွင် ဆိုဖာတစ်ခုရှိသည်နှင့် နှစ်ယောက်သား အတူတကွ ထိုင်ကြလေသည်။

နာ 'ဟုတ်သားပဲ၊ ရှင်လုပ်နေပုံဟာ ဘာကောင်းလို့လဲ၊ ကျွန်မ ပြောချင်နေတာ ကြာလှပြီ'

နာ 'ဟုတ်သားပဲ၊ ရှင်လုပ်နေပုံဟာ ဘာကောင်းလို့လဲ၊ ကျွန်မ ပြောချင်နေတာ ကြာလှပြီ'

ကီ 'ကျွန်တော်လည်း သိပါတယ်ခင်ဗျာ၊ နို့ပေမယ့် ဘယ်သူ့အပြစ်လဲ၊ ဘယ်သူ့မှာ တာဝန်ရှိလဲ ပြောပါဦးလေ'

နာ 'ဘာကြောင့် ရှင်က ကျွန်မကို ဒီစကားမေးရတာလဲ'

ကီ 'ခင်ဗျားလည်း သိသားနဲ့နော်'

အင်နာမှာ အရေးနိမ့်ခဲ့လေပြီ။ ရောင်စကီကို အပြစ်တင်မည်ကြံသော်လည်း သူ့အပေါ်၌ အမှုပတ်လျက် ရှိတော့၏။

mgyoe.com

mgyoe.com


ကီ ‘ခင်ဗျား ခုနက ပြောတဲ့ကိစ္စဟာက တကယ့်မေတ္တာ မဟုတ်ဘူး ခင်ဗျာ’

နာ ‘ဒီစကားလုံးကို မသုံးစမ်းပါနဲ့လို့ ရှင့်ကို ကျွန်မ အကြိမ်ကြိမ်တောင်းပန်ထားတယ် မဟုတ်လား’

ရောင်စကီလည်း မည်သို့မျှမပြောဘဲ ငေးကြည့်နေရာတွင်…

နာ ‘ရှင့်ကို ကျွန်မ စကားတစ်ခုပြောချင်နေတာ ကြာလှပြီ၊ ဒီကနေ့ညလည်း ရှင့်ကို ဒီစကားပြောချင်လို့ လာခဲ့တာပဲ၊ ရှင်နဲ့ကျွန်မနဲ့ကိစ္စဟာ ရပ်တန်းက ရပ်ကြပါစို့၊ ကျွန်မဟာ တစ်သက်လုံး ဘယ်သူ့ရှေ့မှာမှ မျက်နှာပျက်ခဲ့ရဖူးတယ် မရှိပါဘူး၊ ရှင်နဲ့တွေ့ရမှ ကျွန်မမျက်နှာလည်း ပျက်ရတယ်၊ ဝမ်းလည်းနည်းရပါတယ်’

ရောင်စကီသည် အင်နာ၏ မျက်နှာကို မော့ကြည့်လိုက်ရာ ယခုမှပင် ပိုမို၍ ချောမောလှပသည်ဟု မှတ်ထင်မိ၏။

ကီ ‘ဒါဖြင့် ကျွန်တော် ဘယ်လိုလုပ်စေချင်ပါသလဲ’

နာ ‘မော်စကိုကို ပြန်သွားပြီး ကစ်တီထံ အပြစ်လွှတ်ဖို့ တောင်းပန်ချေပါ’

ကီ ‘ ကျွန်တော် ဒီလိုလုပ်ဖို့ ခင်ဗျားသဘောတူတာ မဟုတ်ပါဘူး၊ ကျွန်တော် သိပါတယ်’

နာ ‘ရှင်ပြောတဲ့အတိုင်း ကျွန်မကို မေတ္တာရှိပါတယ်ဆိုရင် ကျွန်မစိတ်ကို အနှောင့်အယှက် မပြုပါနဲ့၊ အေးအေးချမ်းချမ်း နေပါရစေလားရှင်’

ကီ ‘အေးအေးချမ်းချမ်း နေဖို့ဆိုတာတော့ ကျွန်တော်ကိုယ်တိုင်လည်းမဖြစ်နိုင်ဘူး။ သူတစ်ပါးကိုလည်း လုပ်မပေးတတ်ပါဘူး။ ကျွန်တော့်မှာ ရှိသမျှ အလုံးစုံပုံပြီး ပေးရမယ်ဆိုရင် ကျွန်တော် ပေးနိုင်ပါ

mgyoe.com

mgyoe.com


တယ်။ သို့သော် ခင်ဗျားအကြောင်းကို ကျွန်တော့်စိတ်ထဲက ပယ်ထုတ်ဖို့တော့ မဖြစ်နိုင်ပါဘူး၊ ကျွန်တော့် မျက်စိထဲမှာတော့ ခင်ဗျားနဲ့ကျွန်တော်ဟာ လူနှစ်ယောက်လို့ မထင်ပါဘူး၊ တစ်ယောက်တည်း ပူးတွဲနေတယ်လို့ ထင်မိပါတယ်၊ ငြိမ်းချမ်းဖို့ဆိုတာတော့ ရှေ့အဖို့မှာ ခင်ဗျားအဖို့လည်း ကျွန်တော်မမြင်၊ ကျွန်တော့်အဖို့လည်း မမြင်ပါဘူး၊ အကြီးအကျယ် စိတ်ပျက်စရာသော်လည်း တွေ့ရမယ်၊ အကြီးအကျယ် စိတ်ကျေနပ်စရာသော်လည်းတွေ့ရမယ်၊ ဒီနှစ်ခုမှာ တစ်ခုခုတွေ့ရပြီးတာပါပဲ၊ မလွဲပါဘူး'

ထိုအခါ အင်နာသည် မည်ကဲ့သို့ ပြန်ပြောရန် ဝတ္တရားရှိသည်ကို နားလည်သော်လည်း ပြောရန်မဖြစ်နိုင်ဘဲ ကြင်နာသော မျက်လုံးများဖြင့် ငေးကြည့်နေလေ၏။

ဤတွင် ရောင်စကီသည် ဝမ်းသားလုံးဆို့လျက် 'သူကလဲ ငါ့ကို ချစ်တာပဲ၊ သူ့မျက်လုံးကို ငါသိတယ်' ဟု စိတ်ထဲ၌ အောက်မေ့မိ၏။ နောက်ဆုံး၌...

နာ 'ရှင်နဲ့ကျွန်မနဲ့ မိတ်ဆွေကောင်းလို သဘောထားပြီး နောက်နောင်ကို ဘယ်တော့မှ ဒီစကားမျိုး မပြောပါနဲ့တော့ရှင်'

ကီ 'ဒါ့တော့ မဖြစ်နိုင်ဘူး ခင်ဗျာ၊ တစ်သက်လုံး မျှော်လို့နေရနေရ ကျွန်တော်ကတော့ အဆင်းရဲခံပြီး မျှော်လင့်နေမှာပဲ၊ မျှော်လင့်စရာမရှိလို့ ထွက်သွားလိုက်ပါဆိုရင်လည်း အမိန့်သာ ပေးလိုက်ပါ၊ ကျွန်တော်တစ်ခါတည်း ရှောင်ထွက်သွားပါမယ်'

နာ 'ဒီလိုလည်း မပြောလိုပါဘူး'

ကီ 'ဒါဖြင့် ဒီအတိုင်းပဲ နေပါစေတော့လား ခင်ဗျာ၊ ဟော... ခင်ဗျား ယောကျ်ားလာပြီ'

ထိုခဏ၌ ကရနီနားရောက်လာ၍ အိမ်ရှင်မအား နှုတ်ဆက်ပြီးလျှင် အင်နာနှင့် ရောင်စကီတို့ရှိရာသို့ သာမန်မျှလှမ်းကြည့်လျက် လက်ဖက်

mgyoe.com

mgyoe.com


ရည်စားပွဲအနီး၌ ထိုင်လေ၏။ ၄င်းနောက် ကရန်နီနားသည် မင်းပရိသတ် ပေါင်းစုံလှကြောင်းနှင့် အိမ်ရှင်မကလည်း ပြန်လည်ချေပလျက်ရှိရာ ရောင်စကီနှင့် အင်နာတို့လည်း ထိုင်မြဲတိုင်း ထိုင်လျက်ရှိကြလေ၏။

ထိုအခါ တစ်ယောက်သော ဧည့်သည်က 'ဒီကိစ္စ တစ်နေ့နေ့တော့ ဆူပွက်ကုန်ပါလိမ့်မယ်' ဟု အနီးရှိ အဖော်တစ်ယောက်အား ပြောလိုက်ရာ ထိုသူက 'ကျုပ်ကလည်း ဒီလိုပဲ ပြောတယ်မဟုတ်လား' ဟု ပြန်ပြောလိုက်၏။ အခြားသော ဧည့်သည်များသည် နှစ်ယောက်တည်း သီးခြားထိုင်လျက်ရှိသော ရောင်စကီနှင့် အင်နာတို့ဆီသို့ မကြာခဏ လှမ်းမျှော်ကြည့်ရှုကြလေရာ ကရန်နီနား တစ်ယောက်တည်းသာလျှင် ထိုအခြင်းအရာကို ဂရုမစိုက်ဟန်ဖြင့် အိမ်ရှင်မနှင့် စကားပြောလျက်ရှိလေ၏။

နောက်ဆုံး၌ အိမ်ရှင်မ ဘက်(တ)ဆီသည် အခြေမလှသော အဖြစ်ကို ရိပ်မိသည်နှင့် ကရန်နီနားနှင့် စကားဖြတ်၍ အင်နာတို့ရှိရာသို့ လျှောက်လာပြီးလျှင်...

ဆီ 'ရှင့်ယောကျ်ား စကားပြောလိုက်ပုံက တစ်နည်းပဲကိုး၊ ဘယ်လောက် ရှုပ်ထွေးနက်နဲတဲ့ ပြဿနာကြီးတစ်ခုဖြစ်စေ၊ သူ့ပါးစပ်က ထွက်လာမှဖြင့် ရှင်းရှင်း ရိုးရိုးကြီးလို ဖြစ်သွားတော့တာပဲကိုး၊ တော်ပါပေတယ်နော်'

နာ 'ဟုတ်ပါရဲ့ရှင်' ဟု ပြောသော်လည်း အိမ်ရှင်မပြောသော စကားကို နားဝင်ဟန်မတူဘဲ သူ့စိတ်ကူးနှင့်သူ ရွှင်မြူးလျက်ရှိ၏။ သို့ရာတွင် အိမ်ရှင်မက သတိပေးသော အဓိပ္ပာယ်နှင့် ပြောလိုက်ခြင်းဖြစ်သည်ကို ရိပ်မိသည်နှင့် အင်နာသည် ထိုင်ရာမှထလာ၍ အခြားဧည့်သည်များနှင့် ရောနှောကာ စကားပြောလျက်ရှိလေ၏။

mgyoe.com

mgyoe.com


နာရီတစ်ဝက်ခန့် ကြာလတ်သော် ကရနီနားသည် အိမ်သို့ပြန်ရန် အချိန်တန်လောက်ပြီဟု အင်နာအား ပြောသော်လည်း အင်နာက ညလယ်စာ (ဆပ်ပါး) စားသည့်တိုင်အောင် နေလိုသေးသည်ဟု ပြောသည်နှင့် ကရနီနားလည်း အိမ်ရှင်မကို နှုတ်ဆက်၍ ပြန်သွားလေ၏။

ထိုည၌ ရောင်စကီသည် အင်နာကို ၄င်း၏မြင်းရထားသို့ လိုက်ပို့ရင်း...

ကီ 'ခင်ဗျားက ကတိမထားပေမယ့် ကျွန်တော် လိုချင်တာက မိတ်ဆွေ အဖြစ်မျိုးလောက် မကဘူးဆိုတာ မမေ့ပါနဲ့ခင်ဗျနော်၊ ခင်ဗျားက မပြောနဲ့ဆိုလို့ ကျွန်တော် အောင့်ထားရပေမယ့် ကျွန်တော်ကတော့ ချစ်စကား ကြိုက်စကားမျိုးကိုသာ ပြောလည်းပြောချင် ကြားလည်းကြားချင်တော့တာပဲ ခင်ဗျာ'

နာ 'ချစ်စကား ကြိုက်စကားဆိုတာ အင်မတန် တာဝန်ကြီးလို့ မကြားဝံ့အောင် ရှိပါတယ်ရှင်'

ရောင်စကီသည် အင်နာနှင့် လက်ဆွဲနှုတ်ဆက်၍ အင်နာ ပြန်သွားသည့်နောက် လက်ချင်းထိမိသော နေရာကို မိမိ၏နှုတ်ခမ်းဖြင့် ကစ်စ်ပေးရင်း မိမိ၏ မျှော်လင့်ချက်အတိုင်း နီးကပ်သည်ထက် နီးကပ်လာချေပြီတကားဟု များစွာဝမ်းမြူးလျက် ကျန်ရစ်နေလေ၏။

## [၁၂]

ကရနီနားသည် ဇနီးအင်နာနှင့် ရောင်စကီတို့ သီးခြား ခွဲထိုင်လျက် စကားပြောနေကြသည်ကို တွေ့မြင်ရသောအခါ၌ စိတ်ထဲတွင် မည်သို့မျှ မရှိလှသော်လည်း အခြားသော ဧည့်သည်များက ၄င်းတို့နှစ်ယောက် အကြောင်းကို တီးတိုးဝေဖန်လျက်ရှိကြောင်း ရိပ်မိသောအခါတွင်မူကား အင်နာအား သတိပေးတော့အံ့ဟု ဆုံးဖြတ်လိုက်လေ၏။

mgyoe.com

mgyoe.com


နေအိမ်သို့ရောက်၍ စာဖတ်ရန်ကြိုးစားသော်လည်း ကရုနီနားမှာ စိတ်၏ငြိမ်သက်ခြင်း မရှိသည်နှင့် စာအုပ်ကိုချထား၍ မိမိ၏ အခန်းထဲတွင် စကြံလျှောက်လျက် ရှိလေ၏။ ကရုနီနားမှာ သဘာဝအားဖြင့် မိမိ၏မယားကို ဤလိုလူတို့နှင့် အထင်မှားတတ်သော လူတစ်ယောက် မဟုတ်ချေ။ မိမိ၏ ဇနီးကို မသင်္ကာတတ်သော လင်ယောကျ်ားသည် သားမယားကို စော်ကားရာရောက်သည်ဟု မှတ်ယူတတ်သူတစ်ယောက် ဖြစ်သည့်အလျောက် အင်နာအပေါ်၌ စနောင့်စနင်း ဖြစ်ခဲ့ဖူးသည်ဟူ၍လည်း မကြုံခဲ့ဖူးချေ။

သို့ရာတွင် ထိုညဉ့်တွင်မူကား ကရုနီနားမှာ ချောက်ကိုဖြတ်ကူးသော တံတားပေါ်၌ လျှောက်သွားစဉ် ရုတ်တရက် တံတားကျိုးကျသော လူတစ်ယောက်ကဲ့သို့ အကြီးအကျယ် အံ့အားသင့်မိ၏။ အင်နာ၏ အပြုအမူသည် မလျော်လှသည်ဖြစ်၍ နောက်နောင်တွင် ဤကဲ့သို့ မဖြစ်စေရန် သတိပေးသင့်သည်ဟု ယူဆသော်လည်း သဘောထားသေးနုပ်၍ နေရာတကာတွင် အထင်လွဲသော လင်ယောကျ်ားဟူ၍ မှတ်ထင်သွားမည်ကိုလည်း စိုးရိမ်သည်နှင့် ခံသာလောက်အောင် မည်ကဲ့သို့ ပြောရပါမည်နည်းဟု အကြံထုတ်လျက်ရှိ၏။

အတန်ညဉ့်နက်လတ်သော် အင်နာ ဆိုက်ရောက်လာ၍ လက်အိတ်များကိုချွတ်ရင်း အခန်းထဲသို့ဝင်လာစဉ် လင်ယောကျ်ားကို မြင်သဖြင့်...

နာ 'အလို ခုတောင် မအိပ်သေးဘဲကိုး၊ ညဉ့်နက်လှပါပြီကော အလက္ကဘီ'

နီ 'မင်းနဲ့ စကားပြောချင်လို့ တမင်စောင့်နေတာ အင်နာ'

နာ 'ကျွန်မနဲ့လား၊ ဘာအကြောင်းများပါလိမ့်၊ ကိုင်း... ပြောပါရှင်' ဟုပြော၍ ကုလားထိုင်၌ ထိုင်လေ၏။

mgyoe.com